ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၃ ရက်၊ သောကြာနေ့ (6-6-2008) (၅၇၀၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နှင့် ဧရာဝတီတိုင်း ဒေးဒရဲမြို့တို့ကို လှည့်လည်ကြည့်ရှု

နေပြည်တော်   ဇွန်   ၅

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဇွန် ၄ ရက် နံနက် ၉ နာရီတွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ရန်ကုန်မြို့သို့ရောက်ရှိသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ***

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ဒေးဒရဲမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ဒေးဒရဲမြို့နယ်အတွင်း ကယ်ဆယ်ရေးလုပ်ငန်းနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

ကြေးမုံ
The Mirror
မြန်မာ့ ဒီမိုကရေစီရွှေတံခါးကြီးကို ပြည်သူတို့က ဖွင့်လှစ်ပေးလိုက်ပြီ(၂)
တက္ကသိုလ်မြတ်သူ၏ (ဆောင်းပါး)
စာမျက်နှာ-၆

"ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပစဉ် မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးတို့မှ သံတမန်များနှင့် ကုလသမဂ္ဂကိုယ်စားလှယ်ရုံးများမှ တာဝန်ရှိသူများသည် ပြည်နယ်/တိုင်း/မြို့နယ်/ရပ်ကွက်စုံမှ မဲရုံများကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာခဲ့ကြသည်။ သံတမန်အချို့ကဆိုလျှင် ပြည်သူများ စုစုရုံးရုံးဖြင့် မဲဆန္ဒလာပေးသည်ကို အံ့ဩချီးကျူးသော မှတ်ချက်များ ပြုသွားကြသည်။ မဲပေးရာ၌ လွတ်လပ်၍ တရားမျှတပုံကိုလည်း ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်သိရှိသွားကြသည်။"

ကြေးမုံ
The Mirror
၆-၆-၂၀၀၈
(သောကြာနေ့)

စိုက်ပျိုးရေနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးအကျိုးပြု မုံးရင်ရေလှောင်တမံ နမ္မတူမြို့နယ်၌ ဖွင့်လှစ်

စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကလိုအပ်သည်မှာ စိုက်ပျိုးရေဖြစ်သည်။ နိုင်ငံတော်အစိုးရက အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဆည်တမံ၊ ရေထိန်းတံခါးများကို ဒေသ၏ ရေမြေအခြေအနေပေးမှုများနှင့်အညီ နိုင်ငံတစ်ဝန်း ဖြန့်ကြက် တည်ဆောက်ပေးလျက်ရှိသည်။

ယင်းသို့ ဆည်တမံပေါင်းများစွာကို တည်ဆောက်ပေးထားမှုကြောင့် ရေသွင်းစိုက်ပျိုးနိုင်သည့် ဧရိယာ များပြားလာလျက်ရှိသည်။ တစ်နိုင်ငံလုံး၌ သီးနှံအသားတင်စိုက်ဧရိယာ ဧက ၂၈ သန်းကျော်ရှိသည့်အနက် ရေသွင်းစိုက်ပျိုးသည့် ဧရိယာ ငါးသန်းကျော်ရှိနေပြီဖြစ်သည်။ စိုက်ပျိုးရေလုံလောက်စွာရရှိလာမှုကြောင့် စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံများပါ အထွက်တိုးလာသည်ကို တွေ့နေရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ်တွင် တည်ဆောက်ပြီးစီးသွားသည့် မုံးရင်ရေလှောင်တမံကို မေလ ၃၁ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အဆိုပါရေလှောင်တမံမှာ နိုင်ငံတော်၏ ၂၁၁ ခုမြောက် ရေလှောင်တမံဖြစ်သကဲ့သို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ တည်ဆောက်ပေးထားသော တတိယမြောက် ရေလှောင်တမံလည်းဖြစ်သည်။

အဆိုပါရေလှောင်တမံကို မုံးရင်ကျေးရွာအနီး နမ့်ဆွမ်ချောင်းပေါ်တွင် တည်ဆောက်ထားရာ နမ္မတူမြို့နယ်အတွင်းရှိ လယ်မြေဧက ၂၆၀၀ ကို စိုက်ပျိုးရေတစ်နှစ်ပတ်လုံး ပေးဝေသွားနိုင်မည်ဖြစ်သည်။ မုံးရင်ရေလှောင်တမံ ဖွင့်လှစ်လိုက်သည့်အတွက် နွေစပါး၊ မိုးစပါးနှင့် ရာသီသီးနှံများ တစ်နှစ်ပတ်လုံး စိုက်ပျိုးသွားနိုင်မည့်အပြင် ဒေသတွင်း သောက်သုံးရေနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက်ပါ အကျိုးပြုနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ ဒေသခံပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရေးတို့အတွက် ဆည်တမံစီမံကိန်းများစွာကို တိုးချဲ့တည်ဆောက် ဖွင့်လှစ်ပေးလျက်ရှိရာ ဒေသခံတောင်သူလယ်သမားများကလည်း နွေစပါး၊ မိုးစပါးနှင့် ရာသီသီးနှံများကို တစ်နှစ်ပတ်လုံး ကြိုးပမ်းစိုက်ပျိုးသွားကြရမည် ဖြစ်ပါသည်။ ။



ကွယ်လွန်သူ ဦးတင်ကြူ-ဒေါ်ကျင်နု၊ ကမ်းနားလမ်း ကိုင်းတန်းလမ်း ထိပ် (ကိုယ်စား)မှ မန္တလေးမြို့ မလွန်ဈေး ဆန်လှူအသင်းကြီး အောက်မြန်မာပြည် ရန်ကုန်ဌာနခွဲ (ပြည်လမ်း၊ စမ်းချောင်း)သို့ ဆွမ်းပဒေသာပင် ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ အသင်းကြီး၏ တာဝန်ကျ အမှုဆောင် (စာရင်းစစ်) ဦးကြည်ဝင်း လက်ခံယူစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇွန် ၅

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ဇွန် ၄ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့သို့ ရောက်ရှိပြီး ဒေးဒရဲမြို့ မင်္ဂလာကန်ကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် လှူဖွယ်ခြင်း ကိုးခြင်း၊ သင်္ကန်းဒွိစုံ ၁၀၀၀၊ သီလရှင်ဝတ်စုံ ခြောက်စုံ၊ ပစ္စည်းစုံအိတ် ၄၀၊ ထီးအလက် ၃၀၊ ဖိနပ်အရန် ၃၀၊ သပိတ်အလုံး ၁၃၀၊ ဆွမ်းခွက်အလုံး ၅၀၀၊ ရေသန့် ၅၄ လုံး၊ ယပ် ၃၀၀၊ စောင် ၂၀၊ သွပ်အချပ် ၈၀၀ နှင့်သွပ်ရိုက်သံ ၁၆ ပိဿာတို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျိုက်လတ်မြို့ ဓမ္မပိမာန်တော်၌ ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် လှူဖွယ်ခြင်း ကိုးခြင်း၊ သင်္ကန်းအစုံ ၉၉၀၊ သီလရှင်ဝတ်စုံ ၁၈ စုံ၊ ပစ္စည်းစုံအိတ် ၂၄ အိတ်၊ ထီး ၄၄ လက်၊ သပိတ်အလုံး၂၀၊ ဖိနပ်ခြောက်ရန်၊ ယပ် ၄၀၊ စောင် ၂၀၊ ရေသန့် ၁၆၇ လုံး၊ သွပ်အချပ် ၁၀၀၀ နှင့် သွပ်ရိုက်သံ ၁၆ ပိဿာတို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် ဖျာပုံမြို့ ထန်းတပင်ကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် လှူဖွယ်ခြင်း ကိုးခြင်း၊ သင်္ကန်းအစုံ ၁၁၁၀၊ သီလရှင်ဝတ်စုံ ၃၆ စုံ၊ ပစ္စည်းစုံအိတ် ၁၃၄ အိတ်၊ ထီး ၂၉ လက်၊ ဖိနပ်အရန် ၆၀၊ ယပ် ၁၂၀၊ ဆွမ်းခွက် ၅၀၀၊ ရေသန့်အလုံး ၃၀၊ သွပ်အချပ် ၁၀၀၀ နှင့် သွပ်ရိုက်သံ ၁၆ ပိဿာတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေထံ မုန်တိုင်း တိုက်ခတ်ခံရသော ဒေသများအတွက် Anwarul Haque & M.Yusuf Co. L.L.C, Kingdom of Saudi Arabia က ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အလှူငွေများ လာရောက်လှူဒါန်း

ရန်ကုန် ဇွန် ၅

ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခံရသော ဒေသများအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ ဇွန်၄ရက်က ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) မုန်တိုင်းဒဏ်သင့်ဒေသ ပြည်သူများအတွက် အလှူငွေလက်ခံရာဌာန၌ အလှူရှင်များမှ လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

လှူဒါန်းကြသော အလှူရှင်များမှာ ဒုတိယဗိုလ်မှူးကြီးမောင်မောင်လတ် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က ငွေကျပ် တစ်သိန်း၊ Htun Thit Myaing Trading Export & Import Co.,Ltd. က ငွေကျပ် ငါးသိန်း၊ ဗိုလ်မှူးကြီးသောင်းရွှေနှင့် ဒေါ်ခင်သန္တာမိသားစု ဖယ်ခုံမြို့က ငွေကျပ် တစ်သိန်း၊ ဗိုလ်မှူးခင်မောင်ရွှေ (ငြိမ်း)နှင့် ဒေါ်နွဲ့နွဲ့မြင့် မိသားစု မရမ်းကုန်းမြို့နယ်က ငွေကျပ် ၁၆၀၀၀၀၊ ဦးကိုကိုထူးနှင့် ဒေါ်စန္ဒာအောင်၊ သား မင်းသီဟထူး၊ သမီး ဆုသီရိထူး မြန်မာ့စက်မှုဆိပ်ကမ်းမိသားစု ဗဟန်းမြို့နယ်က ငွေကျပ်သိန်း၃၀၀၊ဦးဖေသန်းထွန်းနှင့် ဒေါ်မြင့်မြင့်၊ သမီး အိအိမိုး မိသားစု လှိုင်မြို့နယ်က ငွေကျပ် တစ်သိန်း၊ ဦးထိန်းလင်းစံနှင့် ဒေါ်လှဲ့ဝင်းခိုင် မိသားစု ခရေအိမ်ရာ နေပြည်တော်က ငွေကျပ်တစ်သိန်း၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန(ရေပူစခန်း)က ငွေကျပ် ငါးသိန်း၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန (တမူးစခန်း)က ငွေကျပ် ၁၅၀၀၀၀၊ မြန်မာ့စီးပွားရေးဘဏ် မင်းတပ်ရှိ ဝန်ထမ်းများက ငွေကျပ် ၁၁၀၀၀၊ SK Networks Co.,Ltd. Seoul Korea က အမေရိကန်ဒေါ်လာ ၄၉၉၈၄ ဒသမ ၁၁၊ Danieli C Officine, Meccsniche spa, Italy က ယူရိုငွေ ၈၀၁၁၉ ဒသမ ၂၁ တို့ဖြစ်ပြီး ဇွန် ၄ ရက်တွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၃၁၇၂၁၀၀၀၊ အမေရိကန်ဒေါ်လာ ၄၉၉၈၄ ဒသမ ၁၁ နှင့် ယူရိုငွေ ၈၀၁၁၉ ဒသမ ၂၁ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်/ဆက် ညွှန်ကြားရေးမှူးချုပ် ရုံးများပြင်ဆင်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ဇွန် ၄ ရက် နံနက်ပိုင်းတွင် မုန်တိုင်းဒဏ်ခံခဲ့ရသည့် ရန်ကုန်တောင်ပိုင်းခရိုင်သုံးခွ၊ ကျောက်တန်း၊ သန်လျင်မြို့နယ်များသို့ သွားရောက်၍ ပျက်စီးသွားသည့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများပြင်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဆောင်ရွက်ရမည့် ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော်ရေးကို ကြပ်မတ်ဆောင်ရွက်သည်။

ညွှန်ကြားရေးမှူးချုပ်သည် သုံးခွမြို့သို့ရောက်ရှိစဉ် သုံးခွမြို့၌ ၁၉၃၃ ခုနှစ်က စတင်တည်ထောင်ခဲ့သည့် သက်တမ်း ၇၅ နှစ်ရှိပြီဖြစ်သော ကိုယ့်အားကိုယ်ကိုး "ဒေါ်မိန်းကလေး စာကြည့်တိုက်"သို့ဝင်ရောက်ကြည့်ရှုပြီး စာအုပ်များလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** (သတင်းစဉ်)

မြေအုတ်တို့ပြိုရာတွင် ကျောက်အုတ်တို့ဖြင့် ပြန်လည်တည်ဆောက်မည်ဆိုသော ခံယူချက်နှင့်အညီ လေဘေးသင့်ဒေသများကို သာမန်တည်ဆောက်ရေးသာမဟုတ်ဘဲ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများအတွက် လူမှုစီးပွားရေးဘဝ မြှင့်တင်ပေးရေးဦးတည်လျက် ဝိုင်းဝန်းတည်ဆောက် တိုင်းပြည်၏အနာဂတ်ကို ပြုပြင်ပြောင်းလဲနေခြင်းဖြစ်သည်ဟုခံယူပြီး အားလုံးပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇွန် ၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဇွန် ၄ ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုခဲ့သည့် ကွမ်းခြံကုန်းမြို့နယ်နှင့် ဒေးဒရဲမြို့နယ်အပါအဝင် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဒေသတာဝန်ခံဝန်ကြီးများ၊ ဒေသတွင်း ကူညီဆောင်ရွက်နေသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအပါအဝင် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကွမ်းခြံကုန်းမြို့နယ်နှင့် ဒေးဒရဲမြို့နယ်အပါအဝင် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဒေသတာဝန်ခံ ဝန်ကြီးများ၊ ဒေသတွင်း ကူညီဆောင်ရွက်နေသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအပါအဝင် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ယင်းသို့တွေ့ဆုံမှာကြားရာတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက မိမိနှင့်တကွ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် ဗဟိုကော်မတီဝင် ဝန်ကြီးများသည် လေဘေးသင့်ဒေသများ၌ ဒေသတာဝန်ခံ ဝန်ကြီးများနှင့် ပါဝင်ကူညီဆောင်ရွက်နေကြသော တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ဖွယ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်နှင့် ဧရာဝတီတိုင်းရှိ လေဘေးသင့် မြို့နယ် ခုနစ်မြို့နယ်တွင် တစ်နေ့လျှင် နှစ်မြို့နယ်နှုန်းဖြင့် ကျေးရွာများအထိ သွားရောက်၍ လေဘေးသင့်ပြည်သူများနှင့် ထိတွေ့မေးမြန်းကာ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့၌ တာဝန်ရှိသူများအား စုစည်းပြီး ယင်းနေ့တွင် သွားရောက်ခဲ့သည့် ဒေသများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပေးဖွယ်များကို အသေးစိတ် ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း။

နိုင်ငံအတွင်း နာဂစ်မုန်တိုင်း စတင်ကျရောက်ခဲ့ချိန်မှစ၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးစီးလျက် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများသည် လေဘေးသင့်ဒေသ အသီးသီးသို့ ဖြန့်ခွဲသွားရောက်လျက် ဒေသခံပြည်သူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းလျက် ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြသည်မှာ လွန်စွာအားရ ဂုဏ်ယူဖွယ် ကောင်းလှပါကြောင်း။

လေဘေးဒဏ် ဖြစ်လျှင်ဖြစ်ချင်း ပြည်နယ်နှင့်တိုင်းများ အားလုံးရှိ ပြည်သူများ၊ စက်မှုလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ လူမှုရေးအသင်းအဖွဲ့များအားလုံးက အရေးပေါ် လိုအပ်သည့် စားသောက်ဖွယ်ရာများ၊ ရေသန့်များ၊ဟင်းသီးဟင်းရွက်များ၊အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများကို ပံ့အောထောက်ပံ့ကြသည်ကို တွေ့ရကြောင်း။

ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်နယ်၊တိုင်း အသီးသီးမှ ပါရဂူများ၊ ဆရာဝန်၊ ဆရာမများကလည်း လေဘေးသင့်ရာ ကျေးလက်ဒေသများအထိ သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်မှာလည်း မိမိတို့နိုင်ငံနှင့် လူမျိုး၏ မိသားစုဝင်အချင်းချင်း ရိုင်းပင်းကူညီတတ်သည့်စိတ်ဓာတ်ကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံနှင့်လူမျိုး၏ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို နိုင်ငံတော်က မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း။

လေဘေးသင့်ဒေသများ၏ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူရင်းအခြေအနေထက် ပိုမိုတိုးတက်အဆင့်မြင့်မားသွားစေရအောင်၊ လူနေမှုအဆင့်အတန်း၊ အသက်မွေးဝမ်းကျောင်းမှုပုံစံ ပိုမိုအဆင့်မြင့်မားလာစေရအောင် စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မြို့နှင့်ကျေးရွာများ ပြန်လည်တည်ဆောက် အဆင့်မြှင့်တင်ပေးရာတွင် ပိုမိုစနစ်ကျနအောင်၊ ဆေးရုံများ ပိုမိုခေတ်မီပြီး ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ပေးနိုင်အောင်၊ ရုံးများ၊ ကျောင်းများ ပိုမိုခိုင်ခံ့အောင် စီစဉ်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

စုပေါင်းရုံးများ၊စာသင်ကျောင်းများနှင့် အခြားအစိုးရအဆောက်အအုံများ တည်ဆောက်ရာတွင် အောက်ခြေ မြင့်မြင့်မားမားနှင့် ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်ပေးခြင်း၊ ပင်လယ်ပိုင်းဒေသများသို့ ဆက်သွယ်သည့် လမ်းများဖောက်လုပ်ခြင်း၊ ၎င်းလမ်းများကို ၂၅ပေ၊ ပေ ၃၀ မြင့်အောင် တည်ဆောက်ပေးခြင်းအားဖြင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို နောင် သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက ကာကွယ်ရေးရည်မှန်းချက်များ ထားရှိတည်ဆောက်သွားရန်ဖြစ်ကြောင်း။

မြေအုတ်တို့ပြိုရာတွင် ကျောက်အုတ်တို့ဖြင့် ပြန်လည်တည်ဆောက်မည်ဆိုသော ခံယူချက်နှင့်အညီ လေဘေးသင့်ဒေသများကို သာမန်တည်ဆောက်ရေးသာမဟုတ်ဘဲ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများအတွက် လူမှုစီးပွားရေးဘဝ မြှင့်တင်ပေးရေးတို့ကိုပါ ဦးတည်လျက် ဝိုင်းဝန်းတည်ဆောက်ကြရန်နှင့် တိုင်းပြည်၏အနာဂတ်ကို ပြုပြင်ပြောင်းလဲနေခြင်းဖြစ်သည်ဟု ခံယူပြီး အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရှင်းလင်းမှာကြားသည့် အခမ်းအနားအပြီးတွင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဦးဆောင်ပြီး တာဝန်ရှိသူများသည် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆက်လက်ညှိနှိုင်းဆွေးနွေးကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ၏ လိုအပ်ချက်များ၊ လေဘေးသင့် ပြည်သူများ၏ အခက်အခဲများကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး

စာမျက်နှာ ၄ ကော်လံ ၁ သို့ ▲

▲ စာမျက်နှာ ၃ မှ

ခေါင်းဆောင်သည့် မိမိ တို့ပါဝင်သော အဖွဲ့သည် ဇွန် ၁ရက်မှ ၄ရက်အထိ သက်ဆိုင်ရာဒေသများသို့ လှည့်လည်သွားရောက်ခဲ့ကြောင်း။

ယင်းသို့ လေဘေးသင့်ဒေသများသို့ လှည့်လည်သွားရောက်ရာတွင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အောက်ခြေကယ်ဆယ်ရေးစခန်းများအထိ အပင်ပန်းခံ၍ မရောက်ရောက်အောင် သွားရောက်ခဲ့ပြီး လေဘေးသင့်ပြည်သူများအား တစ်ဦးချင်းရော၊ မိသားစုအလိုက်ပါ ရင်းရင်းနှီးနှီး အားပေးတွေ့ဆုံ၍ လိုအပ်ချက်များကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း။

လေမုန်တိုင်း တိုက်ခတ်ပြီးနောက် ပထမဦးစားပေး လုပ်ငန်းဖြစ်သည့် အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများကို မိမိတို့အနေဖြင့် အချိန်နှင့်တပြေးညီ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် လေဘေးသင့်ပြည်သူများ ယာယီအမိုးအကာအောက်၌ နေနိုင်ရေး၊ ယာယီစားသောက်ရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် ပြန်လည်လုပ်ကိုင်နိုင်ရေး စသည့် လတ်တလောဖြည့်ဆည်းပေးရမည့် လုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ မိမိတို့ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဆက်လက်၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူမှုစီးပွားရေးဘဝမြှင့်တင်ရေးလုပ်ငန်းများအပြင် နောင်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး အစီအမံများကို အစီအစဉ်တကျ ဆောင်ရွက်ပေးသွားရန်ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ကွမ်းခြံကုန်းမြို့နယ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ဒေးဒရဲမြို့နယ်နှင့် စပ်လျဉ်း၍ လည်းကောင်း လေဘေးသင့်ပြည်သူများ၏ စားရေး၊ နေရေး၊ လယ်လုပ်ငန်း၊ ရေလုပ်ငန်း ပြန်လည်လုပ်ကိုင်နိုင်ရေး၊ ဆေးရုံ၊ ဆေးပေးခန်းနှင့် စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ရေးကိစ္စများကို တင်ပြကြရာ သက်ဆိုင်ရာဝန်ကြီးများက ဝန်ကြီးဌာနအလိုက် ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဘိုကလေးမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဖျာပုံမြို့နယ်၊ ငပုတောမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့၏ လိုအပ်ချက်များကို သက်ဆိုင်ရာဒေသတာဝန်ခံ ဝန်ကြီးများက ရှင်းလင်း တင်ပြကြပြီး ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေက ဖြည့်စွက်တင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ရန်ကုန်တိုင်းမှ လေဘေးသင့် ပြည်သူများ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ညှိနှိုင်းဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဆွီဒင်နိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၆

၂၀၀၈ ခုနှစ် ဇွန် ၆ ရက်တွင် ကျရောက်သည့် ဆွီဒင်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဆွီဒင်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဖရက်ဒရစ် ရိုင်းဖဲ့လ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၆

၂၀၀၈ ခုနှစ် ဇွန် ၆ ရက်တွင် ကျရောက်သည့် ဆွီဒင်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကား(လ်)ဘင့်(လ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တောင်ဥက္ကလာပမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကင်းစင်ရေးအတွက် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

သွေးလွန်တုပ်ကွေးကင်းစင်ရေး ဆောင်ရွက်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း စစ်ဆေး

ရန်ကုန် ဇွန် ၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးတို့ လိုက်ပါ၍ ဇွန် ၄ ရက် နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကင်းစင်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ စုပေါင်းဆောင်ရွက်နေသည်များကို သွားရောက်ကြည့်ရှု စစ်ဆေးအားပေးသည်။

ရှေးဦးစွာ မြို့တော်ဝန်သည် မြို့နယ် စည်ပင်အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိလာပြီးနောက် မြို့တော်စည်ပင် ကျန်းမာရေးဌာန-ဌာနမှူး ဒေါက်တာအောင်သန်းနှင့် တာဝန်ရှိသူများက သွေးလွန်တုပ်ကွေး ကင်းစင်ရေး ဆောင်ရွက်နေမှုကို တင်ပြရာ မြို့တော်ဝန်က ပိုမိုထိရောက်မှုရှိစေရေးအတွက် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် အမှတ်(၉)ရပ်ကွက် သူရလမ်းနှင့် အမှတ်(၁၃)ရပ်ကွက် ဝရဇာလမ်းတို့၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး၊ ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (၁၉)

တာမွေမြို့နယ် ရဲတပ်ဖွဲ့ ပညာသင်စရိတ်ပေးအပ်

ရန်ကုန် ဇွန် ၅

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ရဲတပ်ဖွဲ့၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ရဲတပ်ဖွဲ့ဝင်မိသားစုများ၏ သား၊သမီး ၆၇ ဦးတို့အား ပညာသင်စရိတ်နှင့် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၅ ရက်က မြို့နယ်ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ညဏ်ဝင်းက ထောက်ပံ့ပေးရခြင်းကို ရှင်းလင်းပြောကြားပြီး ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ စုစုပေါင်းတန်ဖိုးငွေ ၉၆၀၇၀၀ ကို ကျောင်းသား၊ ကျောင်းသူ တစ်ဦးချင်းစီအား ခွဲဝေထောက်ပံ့ပေးအပ်လိုက်သည်။ **(အောက်ယာပုံ)**

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ဇနီး ဒေါ်မိုးမိုးက တပ်ဖွဲ့ဝင်များ၏ ဇနီးများကို တန်ဖိုးငွေကျပ် ၃၆၆၀၀၀ တန်ဖိုးရှိ အင်္ကျီ ၆၁ ထည်အား ထောက်ပံ့ပေးအပ်ခဲ့သည်။ တက္ကသိုလ်ကျောင်းသားတစ်ဦးလျှင် ငွေကျပ်တစ်သောင်း၊အထက်တန်းကျောင်းသားတစ်ဦးလျှင် ငွေကျပ်ငါးထောင်၊ အလယ်တန်းကျောင်းသားတစ်ဦးလျှင် ငွေကျပ်သုံးထောင်နှင့် ဗလာစာအုပ် ၆၇ ဒါဇင်၊ ကွန်ပါဘူး ၆၇ ဘူးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။ စုစုပေါင်း ထောက်ပံ့ပေးအပ်ခြင်း တန်ဖိုးမှာ ငွေကျပ် ၁၃၂၆၇၀၀ ဖြစ်သည်။ (၃၂)

ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို) ဘိုကလေးမြို့ လေဘေးသင့်သူများအား ဆန်အိတ်များလှူဒါန်း

ရန်ကုန် ဇွန် ၅

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)မှ ဘိုကလေးမြို့နယ် ရိုးရာပန်းပညာရှင်များအစည်းအရုံးသို့ လေဘေးဒဏ်ခံရသော ပညာရှင်များအတွက် ထောက်ပံ့ကူညီခြင်း အခမ်းအနားကို ဇွန် ၄ရက် ညနေ ၃နာရီတွင် ဘိုကလေးမြို့၌ ကျင်းပသည်။

အခမ်းအနားတွင်ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်(ခ)ပန်းချီလှတင်ထွန်းနှင့် အတွင်းရေးမှူး ဦးကြည်ဝင်း (Today)တို့က လှူဒါန်းရခြင်းရည်ရွယ်ချက်များနှင့် ဆက်လက်လှူဒါန်းသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြပြီး ဘိုကလေးမြို့နယ် ရိုးရာပန်းပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌ ဦးတင်အောင်နှင့် အတွင်းရေးမှူး ဦးဝင်းဇော်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တွဲဖက်အတွင်းရေးမှူး ဦးမြလွင်၊ စည်းရုံးရေးမှူး ဦးစောတင့်ဝေ၊ ဗဟိုအမှုဆောင် ဦးမောင်မောင်လှမြင့်နှင့် ဦးဇော်ဝင်းတို့က ပညာရှင်များထံသို့ ဆန်အိတ်များလွှဲအပ်လှူဒါန်းသည်။ ဘိုကလေးမြို့လေဘေးဒုက္ခသည်များအတွက် ဆန် ၁၀အိတ်နှင့် ပညာရှင်များအတွက် ဆန်အိတ်ကိုးအိတ်ကို ဗဟိုအမှုဆောင်ဦးမင်းဝေအောင်က လှူဒါန်းပြီး ဆန်ရှစ်အိတ်ကိုအစည်းအရုံး(ဗဟို)က လှူဒါန်းခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(ရိုးရာပန်းပညာရှင်များအစည်းအရုံး)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၆-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄:၁၅ ၄။ မဟာဂီတ ချိုကြည်မြ
- ၄:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၃၀ ၆။ အမျိုးသားရေး တေးကဗျာ
- ၄:၄၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၅:၀၀ ၉။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅:၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆:၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ရာဇဝင်တွင်တဲ့ သူရဲကောင်း (အပိုင်း-၇၂)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ စိုက်ပျိုးသုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အဖြူရောင် မြွေမင်းသမီးလေး (အပိုင်း-၁၇)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေး

ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအား အရှိန်အဟုန်ဖြင့်ဆောင်ရွက်

ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိ

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

International College of Dentist အဖွဲ့မှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမှ သွားဘက်ဆိုင်ရာ ဆရာဝန်များနှင့် တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ ဆေးဝန်ထမ်းများပါဝင်သည့် အဖွဲ့ ဧရာဝတီတိုင်း မအူပင်မြို့ ပြည်သူ့ဆေးရုံတွင် လေဘေးကယ်ဆယ်ရေးစခန်းများမှ လူနာများအား သွားနှင့်ခံတွင်းဆိုင်ရာ ရောဂါများကို ကုသပေးစဉ်။

(ကျန်းမာရေး)

ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ဘုရားကျောင်းကျေးရွာတွင် ဖွင့်လှစ်ထားသော ဒေါ်တင်မြကုသိုလ်ဖြစ်ဆေးခန်း၌ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေကြစဉ်။ (ကြေးမုံ)

လေဘေးဒဏ်ကြောင့်ပျက်စီးခဲ့သည့် ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအား ပြန်လည်ပြုပြင်နေသည်ကို တွေ့ရစဉ်။ (အား/ကာ)

မြန်မာ့ဒီမိုကရေစီရွှေတံခါးကြီးကို ပြည်သူတို့က ဖွင့်လှစ်ပေးလိုက်ပြီ (၂)

တက္ကသိုလ်မြတ်သူ

တိုင်းရင်းသား လူမျိုးစုံ၊ ဒေသစုံ၊ လူထုလူတန်းစားစုံ၊ အလွှာစုံ၊ တည်ဆဲပါတီစုံနှင့် ရွေးကောက်ပွဲ၌ ရွေးချယ်ခံ ကိုယ်စားလှယ် (အမတ်) စုံ စုစုပေါင်း တစ်ထောင်ကျော်တို့ အမျိုးသားညီလာခံတွင် ၁၄ နှစ်ကျော် အချိန်ယူဆွေးနွေးညှိနှိုင်းချမှတ်ခဲ့သော အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို အခြေခံရေးဆွဲထားသော၊ ပြည်သူတို့၏ အာဏာပိုင်စိုးမှုသရုပ်ကို ဖော်ပြနိုင်သော၊ တိုင်းရင်းသား ပြည်သူတို့၏ ဥပဒေပြုခွင့်၊ စီမံအုပ်ချုပ်ခွင့်ကို အာမခံသော၊ ပြည်ထောင်စုကြီးမပြိုမကွဲ ထာဝရ တည်တံ့ကာ အချုပ်အခြာအာဏာ (လွတ်လပ်ရေး) အစဉ်တည်မြဲစေမည်ဖြစ်သော ဤနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ယခင်ပေါ်ခဲ့ဖူးသော အခြေခံဥပဒေ (၁၉၄၇ နှင့် ၁၉၇၄) တို့ထက် အပြစ်ချို့ယွင်းချက် အကင်းရှင်းဆုံး အကောင်းဆုံး အခြေခံဥပဒေဖြစ်ပေသည်။

(ယမန်နေ့မှအဆက်)

မဲရုံအတွင်း ခုံမြင့်ပေါ်တင်ထားသော မဲပုံးများကို မဲရုံပြင်ပမှ ကြည့်နေသူများ မြင်အောင်ထားပေးသည်။ ဆန္ဒပြုပြီးသော မဲလက်မှတ်ကို မဲဆန္ဒရှင်ကိုယ်တိုင် မဲပုံးအတွင်းထည့်ရန် စီစဉ်ထားသဖြင့် မဲပုံးများ အနီးသို့ မဆိုင်သူ ကပ်ခွင့်မရှိပေ။ မဲလက်မှတ်အတုများ ဝင်မလာနိုင်ရန် မဲရုံမှူးက မဲလက်မှတ်(အစစ်)တိုင်းတွင် လက်မှတ်ထိုးထားပေးသည်။ မဲရုံမှူးလက်မှတ်မပါလျှင် ပယ်မဲ၊ အမှန်(✔)၊အမှား(✘) အမှတ်အသား ရေးခြစ်မထားလျှင် ပယ်မဲ၊ မဲလက်မှတ်ကို အစိတ်စိတ်အမြွှာမြွှာ ဆုတ်ဖြဲထားလျှင်၊ မဲလက်မှတ်ပေါ်၌ အမည်ရေးခြင်းပြုထားလျှင် ပယ်မဲ အဖြစ် (ဥပဒေအရ) သတ်မှတ်သည်။ ဆန္ဒပြုရာ၌ လက်တုန် ခြေတုန် ဖြစ်၍ လည်းကောင်း၊ မရေးမခြစ်တတ်၍ လည်းကောင်း (✔) သို့မဟုတ်(✘) ခြစ်ရာ၌ ချို့ယွင်း၊ တိမ်းစောင်းမှုရှိပါက မဲဆန္ဒရှင်၏ ဆန္ဒက ထောက်ခံလိုခြင်း၊ ကန့်ကွက်လိုခြင်းဖြစ်ကြောင်း သိသာထင်ရှားလျှင် ယင်းမဲလက်မှတ်မျိုးကို အလွယ်တကူ ပယ်မဲမလုပ်ဘဲ ညှိနှိုင်းဆုံးဖြတ်ပေးကြသည်။

ညနေ ၄ နာရီမဲရုံပိတ်လျှင် နောက်ဆုံးမဲဆန္ဒလာပေးသည့် ပြည်သူ ၁၀ ဦးကို မဲရုံမှူးက မဲရုံအတွင်း ဖိတ်ခေါ်ကာ ၎င်းတို့ရှေ့မှောက်တွင် မဲပုံးများဖွင့်သည်။ မဲပြားများထုတ်ယူသည်။မဲပုံးများတွင် မဲပြားတစ်ခုမျှ မကျန်ကြောင်းပေါ်လွင်အောင် မဲပုံးများကို သွန်မှောက်လှုပ်ခါပြသည်။ မဲဆန္ဒရှင် သက်သေ ၁၀ ဦးကိုယ်တိုင် မဲပုံးများကို စစ်ဆေးကြည့်နိုင်သည်။ မဲပုံး အတွင်းမှ ထုတ်ယူသော ဆန္ဒပြုပြီး မဲပြားများကို မဲရုံမှူးနှင့်အဖွဲ့က ထို ၁၀ ဦးရှေ့မှာပင် ပယ်မဲ၊ ကန့်ကွက်မဲ၊ ထောက်ခံမဲခွဲခြားကာ သီးခြားစီ စုပုံသည်။ တစ်ပုံချင်းကို အများရှေ့တွင် ရေတွက်ကာ မဲစာရင်းစာရွက်တွင် ရေးသွင်းကြသည်။ ယင်းမဲစာရင်းပေါ်တွင် တာဝန်ရှိသူများက လက်မှတ်ရေးထိုးသည်။ ပယ်မဲ၊ ကန့်ကွက်မဲနှင့်ထောက်ခံမဲများအတွက် သီးခြားစာအိတ်ကြီးများတွင် ထည့်သွင်းကာ အများရှေ့၌ ချိပ်ပိတ်သည်။ ထို့နောက် မဲရုံမှူးက ရပ်ကွက်ကော်မရှင်ရုံးသို့ ရပ်ကွက် ပြည်သူများနှင့်အတူ သွားအပ်သည်။ ထိုစာရင်းစာရွက်နှင့် မဲလက်မှတ်အိတ်များကို မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းကော်မရှင်များသို့ နေ့ချင်းပေးပို့အပ်နှံကြသည်။ ပြည်နယ်၊ တိုင်းကော်မရှင်က စုပေါင်းကာ ဗဟိုကော်မရှင်သို့ အမြန်ဆုံးပေးပို့ အပ်နှံကြသည်။

ဆန္ဒခံယူပွဲကျင်းပသည့်ရက်တွင် မိမိ(မဲစာရင်းပါရှိရာ) ရပ်ကွက်၊ မြို့နယ်၊ တိုင်း/ပြည်နယ် သို့မဟုတ် နိုင်ငံတွင် မရှိဘဲ လုပ်ငန်းအရ၊ တာဝန်အရ တရားဝင်သွားရောက်သူများအနေဖြင့် သက်ဆိုင်ရာနိုင်ငံမှ မြန်မာသံရုံး၊ ကောင်စစ်ဝန်ရုံးများတွင်လည်းကောင်း၊ ပြည်တွင်း၌ ရောက်ရှိရာဒေသ မဲရုံများတွင်လည်းကောင်း၊ ကြိုတင်မဲ သို့မဟုတ် အနီးဆုံးမဲရုံ၌ မဲပေးနိုင်ရန် ကြိုတင်စီစဉ်ဆောင်ရွက်ပေးသည်။ ထိုသို့ အခြားနေရာတွင် မဲပေးလျှင် မူလနေရာမှ မဲစာရင်းတွင် ထိုမဲဆန္ဒရှင်၏ အမည်ကို မဲစာရင်းမှ ပယ်ဖျက်စေရသည်။ ယင်းသည် မဲစာရင်းတွင် ဖောင်းပွမှု မရှိစေရန်နှင့် လူတစ်ယောက်တည်း မဲစာရင်းနှစ်နေရာ ပါမနေစေရန်အတွက် ဖြစ်သည်။ ဆန္ဒခံယူပွဲ ဥပဒေအရ မဲဆန္ဒရှင် တစ်ဦးသည် တစ်နေရာတည်း၌သာ (မဲတစ်မဲတည်းသာ) ပေးရမည်ဟု ဖော်ပြချက်အရ ထိုသို့ စီစဉ်ရခြင်းဖြစ်သည်။

ရပ်ကွက်/ကျေးရွာ (မဲဆန္ဒနယ်၊မဲဆန္ဒဒေသ)အလိုက်၊ အသက် (၁၈)နှစ်ပြည့်ပြီးသူ စာရင်းကို (လူဝင်မှု ကြီးကြပ်ရေးဌာနအကူအညီ) ဖြင့် ကြိုတင်ကောက်ယူ ပြုစုကာ ဆန္ဒခံယူပွဲ မကျင်းပမီ (၇)ရက်ကြိုတင်၍ ရပ်ကွက်/ ကျေးရွာအတွင်း အများမြင်အောင်ကပ်ထားရမည်။ ထိုသို့ ကပ်ထားသည့် မဲစာရင်းကို လာကြည့်ပြီး မဲဆန္ဒရှင် စာရင်း၌ မိမိတို့ အမည် ကျန်ရစ်ပါက တင်ပြဖြည့်စွက်ပေးမည် ဖြစ်ကြောင်း (အသံချဲ့စက်ဖြင့် ဖြစ်စေ၊ ဗျိုးဟစ်၍ ဖြစ်စေ) ပြောကြား ကြေညာပေးရသည်။ ထိုဒေသတွင် အမှန်နေထိုင်ကြောင်း မှတ်ပုံတင်၊ နိုင်ငံသား လက်မှတ်၊ သန်းခေါင်စာရင်းတို့ကို ကြည့်ပြီး ခိုင်လုံသေချာလျှင် မဲဆန္ဒရှင်စာရင်း၌ ဖြည့်စွက်ပေးသည်။

ဤသို့ လိုလေသေးမရှိအောင် ကြိုတင်ပြင်ဆင်ကာ မဲဆန္ဒရှင် မှန်သမျှ ထောက်ခံသည်ဖြစ်စေ၊ ကန့်ကွက်သည်ဖြစ်စေ ဆန္ဒမဲပေးခွင့် ရစေခဲ့သည်။ မဲရုံများတွင် အများပြည်သူ မြင်သာအောင် မဲပုံးများကို ကြိုတင်ဖွင့်ပြသည်။ မဲပြားများကို မဲဆန္ဒရှင်သက်သေများ ရှေ့မှာပင် မဲပုံးမှထုတ်ယူ၊ ရေတွက်၊ စာရင်းသွင်း၊ စာအိတ်များတွင်ထည့် ချိပ်ပိတ်ပြီး အထက်ကော်မရှင် အဆင့်ဆင့်သို့ ပေးပို့အပ်နှံကြသည်။

တိုင်းရင်းသား လူမျိုးစုံ၊ ဒေသစုံ၊ လူထုလူတန်းစားစုံ၊ အလွှာစုံ၊ တည်ဆဲပါတီစုံနှင့် ရွေးကောက်ပွဲ၌ ရွေးချယ်ခံ ကိုယ်စားလှယ် (အမတ်) စုံ စုစုပေါင်း တစ်ထောင်ကျော်တို့ အမျိုးသားညီလာခံတွင် ၁၄ နှစ်ကျော် အချိန်ယူ ဆွေးနွေးညှိနှိုင်းချမှတ်ခဲ့သော အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများကို အခြေခံရေးဆွဲထားသော၊ ပြည်သူတို့၏ အာဏာပိုင်စိုးမှုသရုပ်ကို ဖော်ပြနိုင်သော၊ တိုင်းရင်းသား ပြည်သူတို့၏ ဥပဒေပြုခွင့်၊ စီမံအုပ်ချုပ်ခွင့်ကို အာမခံသော၊ ပြည်ထောင်စုကြီးမပြိုမကွဲ ထာဝရတည်တံ့ကာ အချုပ်အခြာအာဏာ (လွတ်လပ်ရေး) အစဉ်တည်မြဲစေမည်ဖြစ်သော ဤနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ယခင်ပေါ်ခဲ့ ဖူးသော အခြေခံဥပဒေ (၁၉၄၇ နှင့် ၁၉၇၄) တို့ထက် အပြစ်ချို့ယွင်းချက် အကင်းရှင်းဆုံး အကောင်းဆုံး အခြေခံဥပဒေဖြစ်ပေသည်။

ဤမျှ အကောင်းဆုံးဖြစ်သော အခြေခံဥပဒေကိုလည်းကောင်း၊ ယင်းအခြေခံ ဥပဒေကို ပြည်သူအများစုကြီး၏ ဆန္ဒဖြင့် အတည်ပြုမည့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကိုလည်းကောင်း ဆန့်ကျင်ပုတ်ခတ်စွပ်စွဲကာ နှောင့်ယှက်မှုများနှင့်လည်း ကြုံတွေ့ရပေသည်။ ယင်းသို့ မလိုတမာ ပြောနေသူများမှာ ပြည်ပမှ နယ်ချဲ့ (ကိုလိုနီလက်သစ်) အုပ်စု၊ ဥပဒေချိုးဖောက်ကာ ထွက်ပြေးသွားသော နယ်ချဲ့ကြေးစား ပြည်ပြေးများ၊ ပြည်တွင်းမှပုဆိန်ရိုးများ၊ အမျိုးသား ညီလာခံသို့ သုံးနှစ်ခန့် တက်ရောက်ပြီးမှ ပြည်ပဩဇာကြောင့် ညီလာခံမှ ထွက်သွားသူများ ဖြစ်နေသည်ကို တွေ့ရပေသည်။ ထိုသို့ ဆန့်ကျင်နှောင့်ယှက်နေသူများအကြောင်းနှင့် သူတို့ ရည်ရွယ်ချက် မှုမမှန်ပုံများကို အများပြည်သူတို့ သိရှိထားကြပြီး ဖြစ်၍ အကျယ်မတင်ပြတော့ပါ။

အခြေခံဥပဒေကို ၎င်းတို့အဓိက ဆန့်ကျင်ကန့်ကွက်နေသည့် အကြောင်းရင်းမှာ ဤအခြေခံဥပဒေက ကိုလိုနီနယ်ချဲ့လက်ဟောင်း လက်သစ်တို့ကို လုံးဝမျက်နှာချိုမသွေး၊ မျက်နှာသာမပေး၊ နယ်ချဲ့လက်ပါးစေ လက်ဝေခံ အမျိုးသား သစ္စာဖောက်များအား လုံးဝ လက်သင့်မခံ နေရာမပေး၍သာ ဖြစ်ပါသည်။

အဆိုပါ အကြောင်းအကျိုး အကောင်းအဆိုးများကိုသိသော ပြည်သူလူထုကြီးက နယ်ချဲ့ လက်ကိုင်တုတ် BBC, VOA, RFA, DVB အသံလွှင့်ဌာနများ၏ မှိုင်းတိုက်ဝါဒဖြန့်မှုများ မည်မျှရှိစေကာမူ တွေဝေတုံ့ဆိုင်းခြင်း အလျဉ်းမရှိ၊ မဲရုံသို့ စုစုရုံးရုံး သွားရောက်၍ တစ်ခဲနက် ထောက်ခံအတည်ပြုပေးလိုက်ပြီ ဖြစ်ပေသည်။

၁၅-၅-၂၀၀၈ ရက်နေ့စွဲပါ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်၏ ကြေညာချက်အမှတ် (၁၀/ ၂၀၀၈)တွင် မေလ ၁၀ရက်နေ့က ကျင်းပသည့် မြို့နယ်ပေါင်း ၂၇၈ မြို့နယ်၏ ဆန္ဒခံယူပွဲရလဒ်ကို အောက်ပါအတိုင်း ဖော်ပြထားသည်-

ပြည်ထောင်စုတစ်ဝန်းလုံးရှိ လူဦးရေမှာ ၅၇၅၀၄၃၆၈ ဖြစ်ပြီး အသက် (၁၈)နှစ်ပြည့်ပြီးသည့် မဲပေးခွင့်ရှိသူပေါင်းမှာ ၂၇၃၆၉၉၅၇ ဦးဖြစ်သည်။ မေလ ၁၀ ရက်နေ့တွင် ဆန္ဒခံယူပြီးဖြစ်သော မြို့နယ်ပေါင်း ၂၇၈ မြို့နယ်၏ရလဒ်မှာ-

(က)	**မဲပေးခွင့်ရှိသူ**	**၂၂၇၀၈၄၃၄ ဦး**
(ခ)	**ဆန္ဒမဲပေးသူဦးရေ**	**၂၂၄၉၆၆၆၀ ဦး**
(ဂ)	**ထောက်ခံမဲပေးသည့်ဦးရေ**	**၂၀၇၈၆၅၉၆ ဦး**
(ဃ)	**ကန့်ကွက်မဲပေးသည့်ဦးရေ**	**၁၃၇၅၄၈၀ ဦး**
(င)	**ပယ်မဲ**	**၃၃၄၅၈၄ ဦး**

မဲပေးမှုရာခိုင်နှုန်း ၉၉ ဒသမ ၀၇ ရာခိုင်နှုန်း
ထောက်ခံမဲရာခိုင်နှုန်း ၉၂ ဒသမ ၄ ရာခိုင်နှုန်းဖြစ်သည်။

မေလ ၂၄ ရက်နေ့တွင် ဥတုရာသီသာယာသည်။ ရန်ကုန်တိုင်းမှ မြို့နယ် ၄၀ နှင့် ဧရာဝတီတိုင်းမှ ခုနစ်မြို့နယ်တို့ တွင် ဆန္ဒခံယူပွဲကျင်းပရာ မဲဆန္ဒရှင်ပြည်သူတို့က အမျိုးသားရေးစိတ်ဓာတ်ကိုယ်စီဖြင့် မဲရုံများသို့ တက်ကြွရွှင်လန်းစွာ သွားရောက်ဆန္ဒပြုကြသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်က ယင်း ၄၇ မြို့နယ် ဆန္ဒခံယူပွဲ၏ရလဒ်ကို ကြေညာချက်အမှတ် (၁၁/ ၂၀၀၈)ဖြင့် ၂၆-၅-၂၀၀၈ ရက်နေ့တွင်လည်းကောင်း၊ ပြည်ထောင်စုတစ်ဝန်းလုံး ၃၂၅ မြို့နယ် ဆန္ဒခံယူပွဲတစ်ရပ်လုံး၏ ရလဒ်ကို ကြေညာချက်အမှတ် (၁၂/ ၂၀၀၈)ဖြင့် ၂၆-၅-၂၀၀၈ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ကော်မရှင်၏ကြေညာချက်အမှတ် (၁၁/ ၂၀၀၈)အရ မေလ ၂၄ ရက်နေ့က ကျင်းပသော ရန်ကုန်တိုင်းမှ မြို့နယ် ၄၀နှင့် ဧရာဝတီတိုင်းမှ ခုနစ်မြို့နယ် စုစုပေါင်း ၄၇ မြို့နယ်မှ ပြည်သူတို့ဆန္ဒပြုသော ဆန္ဒမဲရလဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)	**မဲပေးခွင့်ရှိသူဦးရေ**	**၄၅၈၀၃၉၃ ဦး**
(ခ)	**ဆန္ဒမဲပေးသူဦးရေ**	**၄၂၈၀၀၁၅ ဦး**
		(၉၄ ဒသမ ၄၄ ရာခိုင်နှုန်း)
(ဂ)	**ထောက်ခံမဲပေးသည့်ဦးရေ**	**၃၉၇၇၅၂၈ ဦး**
		(၉၂ ဒသမ ၉၃ ရာခိုင်နှုန်း)
(ဃ)	**ကန့်ကွက်မဲပေးသည့်ဦးရေ**	**၂၅၆၂၃၂ ဦး**
		(၅ ဒသမ ၉၉ ရာခိုင်နှုန်း)
(င)	**ပယ်မဲ**	**၄၆၂၅၅ ဦး**
		(၁ ဒသမ ၀၈ ရာခိုင်နှုန်း)

ထို့ကြောင့် အခြေခံဥပဒေကိုထောက်ခံအတည်ပြုပေးမှု ရာခိုင်နှုန်းမှာ အဆိုပါ ၄၇ မြို့နယ်ရှိ မဲပေးခွင့်ရှိသူ ၄၅ သိန်း၏ ၉၂ ဒသမ ၉၃ ရာခိုင်နှုန်း ဖြစ်ပေသည်။

ကော်မရှင်၏ ကြေညာချက်အမှတ် (၁၂/ ၂၀၀၈)တွင် မေလ ၁၀ ရက်နေ့က ဆန္ဒခံယူခဲ့သည့် ၂၇၈ မြို့နယ်၏ ရလဒ်၊ မေလ ၂၄ ရက်နေ့က ဆန္ဒခံယူခဲ့သည့် ၄၇ မြို့နယ်၏ ရလဒ်များကို စုစည်းကာ ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်၏ ဆန္ဒခံယူပွဲရလဒ် ပေါင်းချုပ်ကို အောက်ပါအတိုင်း ဖော်ပြထားပေသည်-

(က)	**မဲရုံသို့ ကိုယ်တိုင်လာရောက်**	**၂၂၁၅၄၉၇၀ ဦး**
	မဲပေးသူ	**(၈၂ ဒသမ ၇၄ ရာခိုင်နှုန်း)**
	(၁) ထောက်ခံမဲပေးသူဦးရေ	**၂၀၂၁၅၆၃၇ ဦး**
	(၂) ကန့်ကွက်မဲပေးသူဦးရေ	**၁၅၇၅၂၅၇ ဦး**
	(၃) ပယ်မဲ	**၃၆၄၀၇၆ ဦး**
(ခ)	**ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့်**	**၄၆၂၁၇၀၅ ဦး**
	ဆန္ဒမဲပေးသူ	**(၁၇ ဒသမ ၂၆ ရာခိုင်နှုန်း)**
	(၁) ထောက်ခံမဲပေးသူဦးရေ	**၄၅၄၈၄၈၇ ဦး**
	(၂) ကန့်ကွက်မဲပေးသူဦးရေ	**၅၆၄၅၅ ဦး**
	(၃) ပယ်မဲ	**၁၆၇၆၃ ဦး**

တစ်နိုင်ငံလုံးမဲပေးခွင့်ရှိသူ၂၇၂၈၈၂၇ဦးအနက်၂၆၇၇၆၆၇၅ ဦးတို့ လာရောက်မဲပေးသဖြင့် ဆန္ဒမဲပေးသည့် ရာခိုင်နှုန်းမှာ ၉၈ ဒသမ ၁၂ ရာခိုင်နှုန်းဖြစ်သည်။ မဲပေးသူ ၂၆၇၇၆၆၇၅ ဦးအနက် ၂၄၇၆၄၁၂၄ ဦးတို့က ထောက်ခံမဲပေးကြသဖြင့် ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက အခြေခံ ဥပဒေသစ်ကြီးကို ဝမ်းပန်းတသာ ကြိုဆို ထောက်ခံသည့် ဆန္ဒမဲများဖြင့် တစ်ခဲနက် အတည်ပြုပေးလိုက်ခြင်း ဖြစ်ပေသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပစဉ် မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံး တို့မှ သံတမန်များနှင့် ကုလသမဂ္ဂ ကိုယ်စားလှယ်ရုံးများမှ တာဝန်ရှိသူ များသည် ပြည်နယ်/တိုင်း/မြို့နယ်/ရပ်ကွက်စုံမှ မဲရုံများကို ကိုယ်တိုင် ကိုယ်ကျ သွားရောက်လေ့လာခဲ့ကြသည်။ သံတမန်အချို့ကဆိုလျှင် ပြည်သူများ စုစုရုံးရုံးဖြင့် မဲဆန္ဒလာပေးသည်ကို အံ့သြချီးကျူးသော မှတ်ချက်များ ပြုသွားကြသည်။ မဲပေးရာ၌ လွတ်လပ်၍ တရားမျှတပုံ ကိုလည်း ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်သိရှိ သွားကြသည်။

ကျွန်တော်သည် ဤမြေဤနိုင်ငံအား ထာဝရလွတ်လပ်၍ စုစည်းညီညွတ်သော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးအတွက် ဦးဆောင်လမ်းညွှန် ကွပ်ကဲပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် အကောင်းဆုံး ရေးဆွဲနိုင်ရန် အားထုတ်သူများတွင် ကိုယ်တိုင်ပါဝင်ခွင့် ရခဲ့သည်။ ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း အမျိုးသားညီလာခံသို့ (အစမှအဆုံးတိုင်) ပါဝင် တက်ရောက်ခွင့်ရခဲ့သည်။ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့မှ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့အတွင်း ညီလာခံမူများကို အခြေခံပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာ၌လည်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခွင့်ရခဲ့သည်။ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၆ရက်နေ့မှ မေလ ၂၄ရက်နေ့အထိ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း (၂၀၀၈)ကို ပြည်လုံးကျွတ်ဆန္ဒခံယူ အတည်ပြုရေး လုပ်ငန်းစဉ်၌လည်း ပါဝင်ဆောင်ရွက်ခွင့်ရခဲ့သည်။ ဤသို့ သမိုင်းဝင် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ခွင့်ရ၍ ဝမ်းမြောက်ဂုဏ်ယူပါသည်။ ယခု အခြေခံဥပဒေသစ်ကြီးကို မဲဆန္ဒရှင်ပြည်သူ ၉၂ဒသမ၄၈ ရာခိုင်နှုန်းက ထောက်ခံအတည်ပြု ပေးလိုက်သောအခါတွင်မူ ပြည်သူတို့၏ အမျိုးသားရေးတာဝန်ကို နိုးကြားတက်ကြွစွာ ကျေပွန်အောင် ဆောင်ရွက်မှုအပေါ် ပိုမို၍ ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်စွာ ဂုဏ်ပြုမိပါသည်။

မည်သို့ဆိုစေ ၂၀၀၈ ခုနှစ် မေလတွင် တိုင်းရင်းသားပြည်သူ ဧရာမ အများစုကြီးက ပြည်တွင်း၊ ပြည်ပ အဖျက်သမားတို့၏ မလိုတမာ နှောင့်ယှက်ဆန့်ကျင်မှုများကို နင်းခြေကျော်လွှားကာ မြန်မာ့ဒီမိုကရေစီ ရွှေတံခါးကြီးကို ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်းပါ ခင်ဗျား။

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့်ဇနီးတို့ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကချင်ပြည်နယ် ကျောင်းအပ်နှံရေး အခမ်းအနားတွင် ငွေကျပ် သိန်း ၂၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်များအဖွဲ့ လေဘေးသင့်ပြည်သူများအား ဆေးအကာအကွယ်ဆောင်ရွက်ပေး

ရန်ကုန် ဇွန် ၅

ကျန်းမာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီးမှ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများသည် လေဘေးသင့်ပြည်သူများအား ဆေးအကာအကွယ်များ ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်တိုင်း ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာနှင့် ကွမ်းခြံကုန်းမြို့နယ် အင်္ဂလုံးကျေးရွာရှိ ဒေသခံပြည်သူများအား ဆေးအကာအကွယ်ဆောင်ရွက်ပေးလျက်ရှိသော အလုပ်သင်ဆရာဝန်များအား ဇွန် ၃ ရက် မွန်းလွဲပိုင်းတွင် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွှန့်စိန်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းဝင်း၊ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်တို့က သွားရောက်ကြည့်ရှု အားပေးကူညီကြသည်။

တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးနှင့် ကလေးဆေးရုံမှ ဆရာဝန်များက ခေါင်းဆောင်၍ ကော့မှူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်အေးနှင့် ကွမ်းခြံကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောကလျာတို့က ကြီးကြပ်၍ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးကို စစ်ဆေးကုသပေးခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ကုသခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကလေးသူငယ်များ၏ အာဟာရ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကျန်းမာရေး ပညာပေးခြင်းများကို ဆေးရုံဆေးခန်းများနှင့် ကျေးလက်ဒေသ အောက်ခြေထိ ကျန်းမာရေးအသိပညာ ပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြသည်။

အလားတူ ဆေးတက္ကသိုလ်(၁) ရန်ကုန်နှင့် ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ အလုပ်သင်ဆရာဝန် ၁၀၂ ဦးသည် ရန်ကုန်တိုင်း တွံတေး၊ ကျောက်တန်းမြို့နယ်များနှင့်ဧရာဝတီတိုင်း မအူပင်၊ မြောင်းမြ၊ ကျိုက်လတ်၊ ဝါးခယ်မမြို့နယ်များတွင် လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို လုပ်အားဒါနပေးလှူ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ-ထိုင်းနည်းပညာ ပူးပေါင်းဆောင်ရွက်ရေး နှစ်ပတ်လည်ညှိနှိုင်းအစည်းအဝေး ထိုင်းနိုင်ငံ၌ ကျင်းပမည်

နေပြည်တော် ဇွန် ၅

ထိုင်းနိုင်ငံ ပတ်တယားမြို့၌ ဇွန် ၄ ရက်မှ ၇ ရက်အထိကျင်းပမည့် (၁၀)ကြိမ်မြောက် မြန်မာ-ထိုင်း နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး နှစ်ပတ်လည် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်စိုး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည်ဇွန် ၄ ရက်တွင် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၇ခုနှစ်အတွင်း ပူးပေါင်းဆောင်ရွက်ခဲ့သည်များကို ပြန်လည်သုံးသပ်ခြင်း၊ လာမည့်နှစ်များတွင် ဆက်လက်အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်များအပေါ် ညှိနှိုင်းဆွေးနွေးခြင်းတို့ကို ပြုလုပ်မည်ဖြစ်သည်။

မြန်မာ-ထိုင်း နည်းပညာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို ၁၉၉၂ ခုနှစ်တွင်စတင်ခဲ့ပြီး ထိုင်းနိုင်ငံရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ သိပ္ပံနှင့်နည်းပညာ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းများသို့မြန်မာသင်တန်းသားများ စေလွှတ်ခြင်းနှင့် ထိုင်းနိုင်ငံမှ သင်တန်း အထောက်အကူပြုပစ္စည်းများ ပေးအပ်ခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။ ယင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် နှစ်နိုင်ငံ ညှိနှိုင်းအစည်းအဝေးကို နှစ်နိုင်ငံအကြား နှစ်စဉ်အလှည့်ကျ ကျင်းပလျက်ရှိပြီး ယခုနှစ်တွင် ထိုင်းနိုင်ငံ၌ကျင်းပရန် အလှည့်ကျရောက်သဖြင့် ထိုင်းနိုင်ငံ၌ကျင်းပခြင်းဖြစ်သည်။

မြန်မာ-ထိုင်းနည်းပညာ ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်သာမက ဒေသဆိုင်ရာနှင့်ဒေသခွဲများအတွင်း ပူးပေါင်းဆောင်ရွက်မှုကိုပါ အထောက်အကူပြုစေမည်ဖြစ်သည်။ (သတင်းစဉ်)

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် အိန္ဒိယသမ္မတနိုင်ငံမှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

ဝန်ကြီးဦးအောင်သောင်း မန္တလေးမြို့ရှိ စက်ရုံများစစ်ဆေး လျာထားချက်ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ရန်မှာကြား

နေပြည်တော် ဇွန် ၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဇွန် ၁ ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း အမှတ်(၃) ဆပ်ပြာစက်ရုံသို့ရောက်ရှိပြီး ထူးရှယ်ရွှေဝါဆပ်ပြာ ထုတ်လုပ်မှုလုပ်ငန်းများ၊ သပြေညိုဆပ်ပြာ၊ တမာဆေးဆပ်ပြာနှင့် ဆပ်ပြာသုံးကုန်ကြမ်းပစ္စည်းများနှင့် ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

ယင်းနောက် ဝန်ကြီးသည် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း မီးခြစ်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံမှူးက မီးခြစ်ဘူး ပြုလုပ်ရာတွင် အသုံးပြုသည့် စက္ကူများနှင့် စက်မှုဌာနမှ စက်အရန်ပစ္စည်းများ ထုတ်လုပ်မှု အခြေအနေ၊ မီးခြစ်ဆံထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်နှင့် ထုပ်ပိုးခြင်းလုပ်ငန်းများကို လိုက်လံရှင်းလင်းပြသရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ညနေပိုင်းတွင် မြန်မာ့စားသောက်ကုန်လုပ်ငန်း မန္တလေးအချိုရည်နှင့် ရေခဲစက်ရုံသို့ရောက်ရှိပြီး မြသီတာ သောက်ရေသန့်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်နှင့် ထုတ်လုပ်သော သောက်ရေသန့်ဘူးများ၊ ပလတ်စတစ်ဘူးထုတ်လုပ်မှု လုပ်ငန်းများ၊ အချိုရည်နှင့် ဖျော်ရည် ထုတ်လုပ်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသပြီး ဝန်ကြီးက စားသောက်ကုန်ပစ္စည်းများ ဖြစ်သည်နှင့်အညီ G.M.Pစနစ်နှင့် ထုတ်လုပ်ရန်နှင့်စက်ရုံ အတွင်း၊အပြင် သန့်ရှင်းမှု အမြဲရှိစေရန် ဆောင်ရွက်ရေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံ(မန္တလေး)သို့ ရောက်ရှိပြီး ရွှေဝါဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ မွှေးဆပ်ပြာ ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဆပ်ပြာကုန်ချောသေတ္တာများ ထားသိုမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ကုန်ထုတ်လုပ်မှု လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ကြရန် မှာကြားသည်။

ယင်းနောက်ဝန်ကြီးသည် မန္တလေးဘီယာစက်ရုံ ကနောင်စည်းဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးများအား တွေ့ဆုံ၍ဝန်ကြီးဌာနမှ ချမှတ်ထားသော မူဝါဒလမ်းညွှန်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်နှင့် လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလုပ်သင်ဆရာဝန်များ ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာနှင့် ကွမ်းခြံကုန်းမြို့နယ် အင်္ဂလုံးကျေးရွာတွင်လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။ (ကျန်းမာရေး)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန (၅၅)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၅

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာန၏(၅၅)နှစ်မြောက်အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၄ ရက်နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ စုပေါင်းခန်းမ၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဖတ်ကြား

ထို့နောက် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာန တာဝန်ခံ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးက အမှာစကား ပြောကြားပြီး ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်က ဦးစီးဌာန၏ (၅၅)နှစ်မြောက်အထိမ်းအမှတ်ကျင်းပရခြင်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာန (၅၅)နှစ်မြောက်နေ့တွင် ဝန်ထမ်းလုပ်သက်နှစ် (၃၀)ပြည့်သည့် အရာထမ်း၊အမှုထမ်းများအား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန တာဝန်ခံ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းအောင်နှင့် ဦးညီထွန်းတို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

✻ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့သို့ ရောက်ရှိကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များအား ကွမ်းခြံကုန်းမြို့ လေဘေးကယ်ဆယ်ရေးစခန်း ကွပ်ကဲမှုရုံး၌ ကွမ်းခြံကုန်း မြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင် ရွက်လျက်ရှိသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ကွမ်းခြံကုန်းမြို့နယ်အတွင်း လေမုန်တိုင်းတိုက်ခတ်ခဲ့မှုနှင့် ပျက်စီးဆုံးရှုံးမှု များ၊ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ခဲ့မှုများ၊ ပြည်တွင်း ပြည်ပမှ ကုမ္ပဏီ များ၊ အလှူရှင်များက ပံ့ပိုးပစ္စည်းများ ပေးပို့လှူဒါန်းမှုများ၊ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကွမ်းခြံကုန်းမြို့နယ်သို့ ရောက်ရှိစဉ် လမ်းညွှန်ခဲ့မှုများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ချက်များ၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ဆောင်ရွက်ချက်များ၊ ကွမ်းခြံကုန်း မြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အေးရှားဝေါလ်ကုမ္ပဏီ က ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြား ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကွမ်းခြံကုန်းမြို့နယ် ပြန်လည်တည်ဆောက် ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသူများအား နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဧရာဝတီတိုင်း ဒေးဒရဲမြို့သို့ ရောက်ရှိကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဒေးဒရဲ မြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင် ရွက်လျက်ရှိသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း က ဒေးဒရဲမြို့နယ်ကို လေမုန်တိုင်း ဖြတ်သန်းတိုက်ခတ်ခဲ့မှု၊ မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှု၊ ဒေးဒရဲမြို့နယ်အတွင်း ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စေတနာရှင်၊ အလှူရှင်များက လေဘေးသင့်ပြည်သူများအတွက် ပံ့ပိုးကူညီလှူဒါန်းမှု၊ ဒေးဒရဲမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ဇေဒင်အုပ်စု ကုမ္ပဏီက ပါဝင်ပူးပေါင်း ဆောင်ရွက်နေမှုနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဒေးဒရဲမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ် ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ကွမ်းခြံကုန်းမြို့ လေဘေးကယ်ဆယ်ရေးစခန်း ကွပ်ကဲမှုရုံး၌ ကွမ်းခြံကုန်းမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ကွမ်းခြံကုန်းမြို့နယ်အတွင်း ကယ်ဆယ်ရေးလုပ်ငန်းနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ သည် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ လူနာများအား ကြည့်ရှုအားပေး ကာ ဆေးဝါးကုသပေးနေကြသည့် ဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြု များအား နှုတ်ဆက်အားပေးကြသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဒေးဒရဲမြို့မှ ရန်ကုန်မြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည် ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၂ နာရီခွဲတွင် ရောက်ရှိကြသည်။

ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ ပြန်လည် ရောက်ရှိကြသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေ လုပ်ငန်းဆိုင်ရာများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၅

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေသည် ဇွန် ၅ ရက် နံနက်ပိုင်းတွင် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)သို့ သွားရောက်၍ စက်သုံးဆီများ သိုလှောင်၊ ချက်လုပ်၊ ဖြန့်ဖြူးနေမှုများ၊ မုန်တိုင်းကြောင့် ပျက်စီးသွားမှုများအား ပြန်လည်ပြုပြင် ထိန်းသိမ်း ပြီးစီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးအား ရေနံချက်စက်ရုံ ရိပ်သာရှင်းလင်း ဆောင်၌ စက်ရုံမှူး ဦးဖေသက်ညွန့် နှင့် တာဝန်ရှိသူများက စက်သုံးဆီ ဆီတင်၊ ဆီချ တံတားများ ပြန်လည် ပြင်ဆင်နေမှု၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြ ရာ ဒုတိယဝန်ကြီးက လိုအပ်ချက် များ ဆွေးနွေးမှာကြားပြီး ဆီတင်၊ ဆီချဆိပ်ခံတံတားများ ပြုပြင်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း သာကေတကမ်းလွန် ရေနံ အခြေစိုက်စခန်းသို့ ရောက်ရှိပြီး အထွေထွေမန်နေဂျာ ဦးလှရွှေက အဆောက်အအုံများ၊ ဆိပ်ခံတံတား များ ပြင်ဆင်နေမှုများကို ရှင်းလင်း တင်ပြရာ ဒုတိယဝန်ကြီးက လိုအပ် ချက်များ ဆွေးနွေးမှာကြားပြီး စခန်း ဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေး သည်။

မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီး သည် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၏ ပင်မ သိုလှောင် ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့် ဓနိတော၏ ဆီတင်၊ ဆီချ ဆိပ်ခံတံတား ပြင်ဆင်နေမှုများ နှင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရေနံနှင့် ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန၏ ဆိပ်ခံ တံတားများ ပြင်ဆင်နေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြား သည်။

စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် မုန်တိုင်းလွန်ကာလ ပြန်လည်တည် ဆောက်ရေးလုပ်ငန်းများကို အထူး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ စက်သုံးဆီချက်လုပ်ခြင်း၊ တင်သွင်း ခြင်း၊ ဖြန့်ဖြူးခြင်း၊ သယ်ယူပို့ဆောင် ခြင်း လုပ်ငန်းများကို ပုံမှန်အတိုင်း ဆောင်ရွက်ပေးနိုင်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်း ဝယ်ရေးလုပ်ငန်း၊ ပင်မ ရေနံ သိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့်၊ ဓနိတော၏ ဆီတင်၊ ဆီချ ဆိပ်ခံတံတားကို ကြည့်ရှု စစ်ဆေးစဉ်။ (စွမ်းအင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၆-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"သမုဒ္ဒရာခြောက်စင်းညဏ်လင်း" တရားတော် (ဆရာတော် အရှင်ပညိန္ဒာဓိဝံသ)
၈း၀၀ - ၂း၀၀	လောကရဲ့အမွေ
၈း၁၅ - ၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀ - ၂း၂၀	ကြည်ညိုဖူးမြော် ပုပ္ပားတောင်ကလပ်စေတီတော်
၈း၄၀ - ၂း၄၀	Eternal Festival (အပိုင်း-၂)
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	တေးဂီတအစီအစဉ်
၉း၂၀ - ၃း၂၀	မှတ်သားလေ့လာ ပြတိုက်ခင်းကျင်းမှုပညာ
၉း၃၀ - ၃း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၅ - ၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀ - ၃း၄၀	Hotel Guide (Kandawgyi Palace Hotel)
၁၀း၁၀ - ၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅ - ၄း၁၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀ - ၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀ - ၄း၅၀	နုယဉ်ဆန်းထွင် ပန်းအလှဆင် (ဟင်းသီးဟင်းရွက်ဖြင့် စားသောက်ဖွယ်ရာများကို အလှဆင်ခြင်း)
၁၁း၁၅ - ၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀ - ၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅ - ၅း၂၅	စပျစ်ချိုချို ဝိုင်ချိုချို
၁၁း၄၀ - ၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅ - ၅း၄၅	ကျန်းမာရေးအတွက် သန့်(၄)သန့်(အပိုင်း-၁)
၁၁း၅၅ - ၅း၅၅	စက်မှု(၁)၏စွမ်းပကား ကျန်းမာရေးအတွက်အလေးထား (အင်ရောင်းဆေးဝါးစက်ရုံ)
၁၂း၁၅ - ၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀ - ၆း၂၀	Celebrity Profile (Britney Spear)
၁၂း၅၀ - ၆း၅၀	Ecotourism ဆွဲဆောင်ဖို့ သဘာဝကိုထိန်းသိမ်းစို့ "ဖိုးကျားဆင်စခန်း" (အပိုင်း-၂)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရောဝတီတိုင်းအတွင်းရှိ ပင်လယ်ကမ်းခြေ မြစ်ဝကျွန်းပေါ်ဒေသများသို့ လမ်းသစ်များဖောက်လုပ်ခြင်း စီမံချက်နှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၅

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရောဝတီတိုင်းအတွင်းရှိ ပင်လယ်ကမ်းခြေ မြစ်ဝကျွန်းပေါ်ဒေသများသို့ ဆက်သွယ်ဖောက်လုပ်မည့် လမ်းသစ်ဖောက်လုပ်ခြင်း စီမံချက်ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသည့်တိုင် ဆုံးရှုံးမှုအမျိုးမျိုးမှကာကွယ်နိုင်ရန်အတွက် ပင်လယ်ပိုင်းကျေးရွာများအထိ လမ်းများဖောက်လုပ်သွားမည်ဖြစ်သည့်အပြင် လမ်းများကို ပြည်သူများရေဘေးမှ ခိုလှုံနိုင်ရန်အတွက် ကျေးရွာများနှင့်နီးစပ်သောလမ်းများတွင် လမ်းတာပေါင်အမြင့် ပေ ၂၀ မှ ၃၀ အထိ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မုန်တိုင်းဒဏ် ပြင်းထန်စွာခံခဲ့ရသည့် ဒေသနှင့်နီးစပ်ဆက်စပ်နေသည့် ဒေသတစ်လျှောက်တွင် ဆက်သွယ်ရေးလမ်းသစ်များတိုးချဲ့ပြီး လမ်းဟောင်းများကိုလည်း အဆင့်မြှင့်တင် ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုလမ်းသစ်ဖောက်လုပ်ရန် တာဝန်ပေးထားသည့် လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့များမှ မိမိတို့တာဝန်ပေးထားသည့် လုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်၊ စီမံချက်ရေးဆွဲတင်ပြရန်၊ ရှေ့တန်းရုံးထိုင်မည့်နေရာတွင် စက်ယန္တရားများ ပြောင်းရွှေ့အထိုင်ချနိုင်အောင် ဆောင်ရွက်ရန်၊ တာဝန်ခံအင်ဂျင်နီယာမှူးများကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်ရန်နှင့် အခက်အခဲတွေ့ရှိပါက သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက လမ်းအူကြောင်း ရှာဖွေခြင်း၊ စက်ယန္တရားများသယ်ယူခြင်းနှင့် လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အခြေအနေများ၊ လမ်းသစ်ဖောက်ရာတွင် လမ်းအင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ လမ်းသစ်များအပေါ်တွင် တည်ဆောက်ရမည့် တံတားပုံစံထုတ်လုပ်ခြင်း၊ တံတားတည်ဆောက်မည့် လျာထားနေရာများ၊ စက်ယန္တရားများကို လိုအပ်သည့် လုပ်ငန်းခွင်အရောက် သယ်ယူပို့ဆောင်ပေးမည့် အစီအစဉ်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မအူပင်-ရေလဲလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း၊ လပွတ္တာ-သယ်န်းကြီး-ပြင်စလူလမ်းနှင့် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း လုပ်ငန်းဆောင်ရွက်ရမည့် အစီအစဉ်များကို သက်ဆိုင်ရာ စီမံကိန်းအထူးအဖွဲ့များက အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက လမ်းသစ်ဖောက်လုပ်ရမည့် နေရာဒေသများသည် ပင်လယ်ကမ်းခြေဒေသဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်ကို အထူးဂရုပြုဆောင်ရွက်ရန်၊ လုပ်ငန်းများကို ချက်ချင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ၁၁နာရီခွဲတွင်ရပ်နားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးဒဏ်သင့် ဖျာပုံမြို့နယ်မှ သံဃာတော်များနှင့် သီလရှင်များအတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၅

ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရသော ဧရာဝတီတိုင်း ဖျာပုံမြို့နယ်မှ သံဃာတော်များ၊ သီလရှင်များအတွက် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၄ ရက် ညနေ ၃ နာရီခွဲက ဖျာပုံမြို့နယ်ရှိ ထန်းပင်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော် ဘဒ္ဒန္တ ဇာဂရာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် ထိုင်းနိုင်ငံမှ အလှူရှင်များ၏ကိုယ်စား သီလရှင်ဆရာလေး စံစနီး (Sansni)နှင့် ထိုင်းနိုင်ငံ ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး Vichit Yathip (အငြိမ်းစား)တို့က လှူဒါန်း ရခြင်းနှင့်ပတ်သက်၍ လျှောက် ထားကြသည်။

ဆက်လက်၍ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အလှူရှင်ဆရာတော်ကြီးများ လှူဒါန်းသည့် အလှူငွေများ၊ သင်္ကန်းပရိက္ခရာ ရှစ်ပါး၊ ဆန်အိတ်နှင့် အခြား လှူဖွယ်ပစ္စည်းများကို လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည် လျှောက်ထားသည်။ ယင်းနောက် ကျိုက်ထီးဆောင်း ဆံတော်ရှင် ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပထံမှ တက်ရောက်လာသူများက ရေစက်သွန်းချ အနုမောဒနာတရားနာယူကြသည်။ ဆက်လက်၍ထိုင်းနိုင်ငံမှ ဥက္ကဋ္ဌ ဆရာတော် Phallop Thaiarry နှင့် ဆရာတော်၊ သံဃာတော်များ၊သီလရှင်များက ဆုတောင်းမေတ္တာပို့ကြသည်။

မုန်တိုင်းဒဏ်ခံ ဖျာပုံမြို့နယ်မှ ဆရာတော်၊ သံဃာတော်၊ သီလရှင်များအတွက် ကျိုက်ထီးဆောင်း ဆံတော်ရှင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပက ကျပ်သိန်း ၅၀၀ တန်ဖိုးရှိ သင်္ကန်းအစုံ ၂၀၀၀၊ ဆန်အိတ် ၅၀၀နှင့် အခြားလှူဖွယ်ပစ္စည်းများ၊ နာဂလိုဏ်ဂူကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသနှင့် တပည့်များက ကျပ်သိန်း ၆၀၀ တန်ဖိုးရှိ သင်္ကန်းအစုံ ၂၀၀၀၊ ဆန်အိတ် ၁၅၀၀၊ စောင် ၂၀၀၀၊ မုန့်ပုံးကြီး ၁၀၀၊သွပ်ချပ်ရေ၆၀၀၀၊ရေသန့်ကတ် ၅၀၀၀၊ ဆေးဝါးပစ္စည်းနှင့် လှူဖွယ်ပစ္စည်းများ၊ ထိုင်းနိုင်ငံမှ Mahachulalong Kornrajavidyalaya University ဥက္ကဋ္ဌ ဆရာတော် Phallop Thaiarryနှင့် ဆရာတော် သံဃာတော်များ၊ သီလရှင်များက ထိုင်းဘတ်ငွေ ခုနစ်သန်းတန်ဖိုးရှိ သင်္ကန်းအစုံ ၈၀၀၀၊ ရေသန့်စက် ၁၀၃လုံး၊ နို့မှုန့်၊ အချိုရည်၊ စည်သွပ်ဘူး၊ ခေါက်ဆွဲခြောက်၊ ဆေးဝါးပစ္စည်းနှင့် လှူဖွယ်ပစ္စည်းများ၊ သာသနာရေးဝန်ကြီးဌာနမှ ကျပ် ၄၇၃သိန်း တန်ဖိုးရှိ သင်္ကန်း အစုံ ၁၁၀၀နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြပြီး ယင်းအခမ်းအနား ဖြစ်မြောက်ရေးနှင့် အထွေထွေ ကုန်ကျစရိတ်များကို ဇေကမ္ဘာ ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (ကြေးမုံ)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသက ကျပ်သိန်း ၆၀၀ တန်ဖိုးရှိ သင်္ကန်းအစုံ ၂၀၀၀၊ ဆန်အိတ် ၁၅၀၀၊ စောင် ၂၀၀၀၊ မုန့်ပုံးကြီး ၁၀၀၊ သွပ်ပြားချပ်ရေ ၆၀၀၀၊ ရေသန့်ကတ် ၅၀၀၀၊ ဆေးဝါးပစ္စည်းနှင့် လှူဖွယ်ပစ္စည်းများအား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဇွန် ၃ ရက်က လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက်ကြံခင်းကျောင်း ပရိယတ္တိစာသင်တိုက်၌ အသစ်တည်ဆောက်လျက်ရှိသောသုံးထပ်ကျောင်းတော်ကြီး အတွက် ဦးတင့်လွင် - သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြူကြူသင်း မိသားစု (ရှမ်းလေးပွဲရုံ)မှ အလှူငွေကျပ် ၁၈ သိန်းကို ကြံခင်းကျောင်း ဆရာတော် အရှင်ပဏ္ဍိစ္စ (ဩဝါဒါစရိယ)ထံဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၈ ခုနှစ် ဇွန်လ အတွက်
(၈-၆-၂၀၀၈)ရက်နေ့
နှင့်
(၂၉-၆-၂၀၀၈)ရက်နေ့

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၅

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန် Pfizer Global Pharmaceutical (MEGA Products Limited) မှ Business Head, ဦးကိုကိုလတ်က ငွေကျပ် ၆၆ သိန်းတန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ဇွန် ၂ ရက် ညနေ ၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဧည့်ခန်းမ၌ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုတ်သုံဖိုရမ်(၂၀၀၈)နှင့် ကမ်းရိုးတန်းနေပြည်သူများအတွက် သဘာဝဘေးဆိုင်ရာ တုံ့ပြန်အရေးယူမှုနှင့် ပတ်သက်သော ဆွေးနွေးပွဲဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၅

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်၊ အာရှဒေသ သဘာဝဘေးကြိုတင်ကာကွယ်ရေး ဗဟိုဌာနတို့ ပူးပေါင်း၍ မုတ်သုံဖိုရမ်(၂၀၀၈)နှင့် ကမ်းရိုးတန်းနေ ပြည်သူများအတွက် သဘာဝဘေးဆိုင်ရာ တုံ့ပြန်အရေးယူဆောင်ရွက်မှုနှင့် စပ်လျဉ်းသော ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဘက်စုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး အာရှဒေသ သဘာဝဘေး ကြိုတင်ကာကွယ်ရေး ဗဟိုဌာနမှ ညွှန်ကြားရေးမှူး Mr.A.R.Subbiah က ဆွေးနွေးပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ယင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၌ဖြစ်ပေါ်နေသည့် လက်ရှိရာသီဥတုအခြေအနေ၊ ၂၀၀၈ခုနှစ် မေ ၂ ရက်နှင့် ၃ ရက်တို့တွင် မြန်မာနိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့သော ‘နာဂစ်’မုန်တိုင်းနှင့် စပ်လျဉ်း၍ မုန်တိုင်းနှင့် မုန်တိုင်းဒီရေ ကြိုတင်သတိပေးခန့်မှန်းချက်များ၊ ခန့်မှန်းချက်များ ထုတ်ပြန်ရာတွင် အသုံးပြုသည့် နည်းစနစ်များ၊ ၂၀၀၈ခုနှစ် မုတ်သုံကာလအတွက် ယေဘုယျမိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် အခြေအနေများကို ဆန်းစစ်ခြင်းနှင့် ကမ်းရိုးတန်းဒေသခံ ပြည်သူများအတွက် သဘာဝဘေးဆိုင်ရာ တုံ့ပြန်အရေးယူဆောင်ရွက်နိုင်မှု မြင့်မားလာရေးတို့ကို အဓိကထား၍ ပညာပေးဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲကို ဇွန် ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၆-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၅ ၄။ တေးဂီတအစီအစဉ်
- ၈း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၁၅ ၆။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၈း၃၀ ၇။ International News
- ၉း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၂၅ ၃။ နှောင်းခေတ်တေးပဒေသာ
- ၄း၄၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅း၀၅ ၅။ တေးဂီတအစီအစဉ်
- ၅း၂၀ ၆။ အကပြိုင်ပွဲ
- ၅း၃၅ ၇။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၃၀ ၉။ မိုးလဝသအခြေအနေ
- ၆း၃၅ ၁၀။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇း၀၅ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကော်ဖီချစ်သူ”(အပိုင်း-၂)**
- ၈း၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ **မြန်မာရုပ်ရှင် “ညှော့သည်”(အပိုင်း-၂) (သုမောင်၊ရန်အောင်၊ မေသန်းနု၊စိုးမြတ်သူဇာ) (ဒါရိုက်တာ-မောင်နန္ဒ)**
- ၁၆။ အစီအစဉ်ပြီး၏။

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၅

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှလှူဒါန်းသော ခြင်ထောင်များ စုစုပေါင်း ၈၁ ဒသမ ၈၈၁ တန်သည် AN-12 လေယာဉ်နှစ်စင်းနှင့် IL-76 လေယာဉ်နှစ်စင်းတို့ဖြင့် ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်၊ နံနက် ၁၁နာရီ ၅၇မိနစ်၊ မွန်းလွဲ ၁နာရီ ၁၆မိနစ်နှင့် ညနေ ၃နာရီ ၄မိနစ်တို့တွင် လည်းကောင်း၊ Malteser International မှ လှူဒါန်းသော ခြင်ထောင်များ၊ ရေသန့်စက်နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ဆေးဝါးမျိုးစုံ စုစုပေါင်း ၁၁ ဒသမ ၆တန်သည် AN -12 လေယာဉ်ဖြင့် နံနက် ၈ နာရီ ၅၃ မိနစ်တွင် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ လှူဒါန်းသော အဝတ်အထည်များ၊ ပလတ်စတစ်များ၊ မိသားစုသုံးပစ္စည်းများ စုစုပေါင်း ၇ ဒသမ ၇၅ တန်သည် C-130 လေယာဉ်ဖြင့် နံနက် ၉ နာရီ ၄ မိနစ်တွင် လည်းကောင်း၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ တိရစ္ဆာန်အစားအစာ စုစုပေါင်း ၄၄ ဒသမ ၀၃ တန်သည် C-130 လေယာဉ်လေးစင်းဖြင့် နံနက် ၁၀ နာရီ ၄ မိနစ်၊ နံနက် ၁၁ နာရီ ၆မိနစ်၊ နံနက် ၁၁ နာရီ ၅၅မိနစ်၊ မွန်းလွဲ ၂နာရီ ၁၈မိနစ်တို့တွင် လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များလှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များဖြင့် အဆက်မပြတ်ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသောပစ္စည်းများကို လေဆိပ်တွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့က စနစ်တကျလက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသောဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း မွန်ပြည်နယ်ရှိ စေတနာရှင်၊ အလှူရှင်များက လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသော ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

၂၀၀၇ ခုနှစ် အကောင်းဆုံးအားကစားသမားဆု ချီးမြှင့် လှေလှော်မှ ဖုန်းမြင့်တေဇာနှင့် တိုက်ကွမ်ဒိုမှ စိုးစိုးမြာတို့ရရှိ

သတင်းနှင့်
ဓာတ်ပုံ
စိုးညွန့် (ကြေးမုံ)

ကမ္ဘောဇဘဏ်လီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းနိုင်က နှစ်စဉ် လှူဒါန်းငွေ ကျပ် သိန်း၄၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး လက်ခံယူစဉ်။

(ကြေးမုံ)

ရန်ကုန် ဇွန် ၅

မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီ၏ ဦးဆောင်မှုအရ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်တို့၏ ၂၀၀၇ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသား အမျိုးသမီး အားကစားသမားဆုများ (Sportsman and Sportswoman of the Year 2007) နှင့် အထူးဂုဏ်ပြုဆုများ ချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို မေ ၃၁ ရက် ည၇နာရီခွဲက ရန်ကုန်မြို့ ကန်တော်ကြီး Chatrium Hotel ၌ ကျင်းပသည်။

ဆွတ်ခူးရရှိ

၂၀၀၇ခုနှစ်၏တစ်နှစ်တာ အမျိုးသားအကောင်းဆုံး အားကစားသမားဆုကို ဖုန်းမြင့်တေဇာ (လှေလှော်)နှင့် အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုကို စိုးစိုးမြာ(တိုက်ကွမ်ဒို)၊ အထူးဂုဏ်ပြုဆုများကို အောင်စည်သူ (ဝူရှူး)၊ မောင်ကြူ(သေနတ်ပစ်)နှင့် နော်အားလယ်လာရှီး(လှေလှော်)တို့က ဆွတ်ခူးရရှိကြသည်။

ရှင်းလင်းတင်ပြ

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုချီးမြှင့်ရခြင်း၊ ဆုရွေးချယ်ပုံတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် အကောင်းဆုံးဆု ရရှိသူများနှင့် အထူးဂုဏ်ပြုဆု ရရှိသူများအား ရွေးချယ်ကြေညာပြီး တစ်ဦးချင်း စွမ်းဆောင်မှုများကို ပရိုဂျက်တာဖြင့်ပြသသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဆုများချီးမြှင့်ရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ကအကောင်းဆုံး အားကစားသမားဆုရရှိကြသော (အမျိုးသား)ဖုန်းမြင့်တေဇာနှင့်(အမျိုးသမီး) စိုးစိုးမြာတို့အား ဆုတံဆိပ်နှင့် ငွေကျပ် ၁၀ သိန်းစီ၊ အထူးဆုရရှိကြသော မောင်ကြူ၊ အောင်စည်သူနှင့် နော်အားလယ်လာရှီးတို့အား ဆုတံဆိပ်နှင့်ကျပ်နှစ်သိန်းစီပေးအပ်ချီးမြှင့်သည်။

အကောင်းဆုံးဆုရ

ယင်းနောက်မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးကအားကစားကလောင်ရှင်များအဖွဲ့ချုပ်မှ ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများ ဖြစ်သော အကောင်းဆုံးဆုရဖုန်းမြင့်တေဇာနှင့် စိုးစိုးမြာတို့အား ငွေကျပ် ၁၀သိန်းစီ၊ အထူးဆုရ မောင်ကြူအောင်စည်သူနှင့်နော်အားလယ်လာရှီးတို့အား ငွေကျပ် နှစ်သိန်းစီ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ယခုအခမ်းအနား ဖြစ်မြောက်ရေးအတွက် နှစ်စဉ် ပံ့ပိုးကူညီခဲ့သော ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဇနီး ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသန်းထွေးတို့ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းနိုင်က ငွေကျပ်သိန်း ၄၀၊ အဖွဲ့ချုပ်ရန်ပုံငွေအဖြစ် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်းက ငွေကျပ် ၁၀ သိန်း၊ အဆင့်မြင့်တန်းရောက် Air Bagan ဘောလုံးအသင်းမှ ငွေကျပ် သုံးသိန်း၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးကလည်းကောင်း၊ စွယ်စုံမီဒီယာဂရုပ်မှ ဒေါက်တာဒေါ်ခင်မိုးမိုးက ငွေကျပ်နှစ်သိန်း၊PIONEER ဂျာနယ်မှ ငွေကျပ်တစ်သိန်း၊ MEGA Life Sciences Ltd မှ ငွေကျပ်တစ်သိန်းနှင့် ငွေကျပ် တစ်သိန်းနှစ်သောင်းတန်ဖိုးရှိ Nutrivita အားဆေးများ၊ IBTC ကုမ္ပဏီမှ ငွေကျပ်၁၂၀၀၀၀ တန်ဖိုးရှိ အဖျော်ယမကာများကို ပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ရဲမှူးကြီးခင်မောင်ထွန်း (ငြိမ်း)က လည်းကောင်း လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ (ကြေးမုံ)

၂၀၀၇ခုနှစ်အတွက်အကောင်းဆုံးအားကစားသမားဆုရဖုန်းမြင့်တေဇာနှင့် စိုးစိုးမြာ။ (ကြေးမုံ)

(၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၅

၂၀၀၈ခုနှစ် (၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ကို ဇွန် ၁ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်း အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များတက်ရောက် ကြည့်ရှုအားပေးကြသည်။

ပေးအပ်

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းသို့ ဝင်ရောက်နေရာယူကြပြီး ယမန်နှစ်ချန်ပီယံ ရန်ကုန်တိုင်းအသင်းက အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ တံခွန်စိုက်ဒိုင်းဆုကြီးကို ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယှဉ်ပြိုင်

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများ ကအားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြပြီး ကွင်းအတွင်းမှ ပြန် လည်ထွက်ခွာကြကာ ပြိုင်ပွဲများကို စတင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်အသင်း ၁၅သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇွန် ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေလှောင်ကန်များ သိုလှောင်ထား

ဘိုကလေးမြို့တွင် ဂျာမနီနိုင်ငံ Technisches Hilfswerk Co., Ltd. မှ လှူဒါန်းထားသည့် ရေသန့်စက်နှစ်လုံးဖြင့် သန့်စင်ထားသည့် သောက်ရေများကို ရေလှောင်ကန်များဖြင့် သိုလှောင်ထားစဉ်။

(ကြေးမုံ)

ဂျွန်မက်ကိန်းက အိုဘားမားအား ပြိုင်ဘက်အဖြစ်အသိအမှတ်ပြု

ဝါရှင်တန် ဇွန် ၅

အမေရိကန် ပြည်ထောင်စု အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းသည် ဒီမိုကရက်တစ်ပါတီအထက်လွှတ်တော်အမတ် ဘာရက်အိုဘားမားအား အထွေထွေရွေးကောက်ပွဲတွင် ၎င်း၏ ပြိုင်ဘက်အဖြစ် အင်္ဂါနေ့က တရားဝင် အသိအမှတ်ပြုလိုက်သည်။

အထင်ကြီး

လူဝီးစီးယားနားပြည်နယ် ကင်နာတွင်အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်ပွဲစတင်သည့် လူထုအစည်းအဝေးတွင် အာရီဇိုးနားပြည်နယ် အထက်လွှတ်တော်အမတ်က အိုဘားမားသည် အထင်ကြီးစရာ လူတစ်ဦးဖြစ်ကြောင်း၊ အထင်ကြီးရန်အတွက် ကြီးမားစွာလုပ်ဆောင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားသည်။

ရှုတ်ချ

သို့သော် မက်ကိန်းသမ္မတဖြစ်ခြင်းသည် ဂျော့ဘုရှ်၏ တတိယအကြိမ်သမ္မတသက်တမ်းဖြစ်သည်ဟု အိုဘားမားက စွပ်စွဲခြင်းကို မက်ကိန်းက ရှုတ်ချလိုက်သည်။

အိုဘားမားက မဲဆွယ်လှုပ်ရှားမှုတွင်မိန့်ခွန်းပြောတိုင်း၊တွေ့ဆုံမေးမြန်းတိုင်း၊ သတင်းကြေညာချက် ထုတ်ပြန်တိုင်း မက်ကိန်းသည် အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ် တတိယသက်တမ်းအတွက် လုပ်ဆောင်နေသည်ဟု အမြဲပြောကြောင်း မက်ကိန်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကိုလံဘီယာနိုင်ငံ မယ်ဒလင်တွင် မြေပြိုမှုဖြစ်ပွားရာ အပျက်အစီးများကို ဇွန် ၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်မြောက်ပိုင်း မိုဆူးမြို့၌ ဗုံးပေါက်ကွဲ စိုက်ပျိုးရေးကောလိပ် ဒုတိယမဟာဌာနမှူး သေဆုံး

မိုဆူး ဇွန် ၅

အီရတ်နိုင်ငံ မြောက်ပိုင်း မိုဆူးမြို့ ကောလိပ်၌ ဇွန် ၂ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ရာ ကောလိပ်ဒုတိယမဟာဌာနမှူး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

စိုက်ပျိုးရေးကောလိပ်ရှိ သိပ္ပံရေးရာ ဒုတိယ မဟာဌာနမှူး ပါမောက္ခ ဖာရစ်ယူနစ်သည် ယင်းနေ့ မွန်းလွဲပိုင်းက ၎င်း၏ကား ပြင်းထန်စွာပေါက်ကွဲခြင်းကြောင့် သေဆုံးရကြောင်း အမည်မဖော်လိုသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ ၄၀၀ ခန့်အကွာ မိုဆူးမြို့ရှိ ကောလိပ်မှ အိမ်သို့ပြန်လာစဉ်၎င်း၏ကား ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ကျောင်းစောင့်တစ်ဦး ဒဏ်ရာရရှိသည်။

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်သည့် ၂၀၀၃ ခုနှစ်ကတည်းက အီရတ်နိုင်ငံအတွင်း စစ်သွေးကြွများက အသိပညာရှင်နှင့် အတတ်ပညာရှင်ရာပေါင်းများစွာကို ပြန်ပေးဆွဲ၊လုပ်ကြံသတ်ဖြတ်ကြသည်။

ယင်းနေ့ ညနေပိုင်းက မိုဆူးမြို့လယ်ရှိ ရဲဌာနချုပ်ကို အသေခံကားဗုံးဖြင့် တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် ငါးဦးနှင့် အရပ်သား လေးဦး သေဆုံးပြီး ၄၆ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

နင်နေဗာချ်ပြည်နယ်နှင့် ယင်းပြည်နယ်၏ မြို့တော် မိုဆူးတွင် အယ်လ်ခိုင်ဒါစစ်သွေးကြွများကို အမေရိကန်နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့များက အဓိကထိုးစစ်ဆင်တိုက်ခိုက်ခဲ့သဖြင့် ယင်းသို့ တိုက်ခိုက်မှုများ ဖြစ်လာသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျုံတန် ၅၀၀၀၀၀ ဆီးရီးယားသို့ ယူအေအီးထောက်ပံ့မည်

အဘူဒါဘီ ဇွန် ၅

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)က ဆီးရီးယားနိုင်ငံသို့ ဂျုံတန် ၅၀၀၀၀၀ ထောက်ပံ့မည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ဂျုံဈေးနှုန်းမြင့်တက်မှုကြောင့် ကောက်ပဲသီးနှံများ ဆီးရီးယားနိုင်ငံသို့ ကူညီရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြည်ထောင်စုသတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြခဲ့သည်။

ဂျုံကို နိုင်ငံတကာဈေးကွက်များမှ ဝယ်ယူမည်ဖြစ်ပြီး ဆီးရီးယားနိုင်ငံသို့ သင်္ဘောဖြင့် တိုက်ရိုက်ပေးပို့မည်ဖြစ်သည်။

အလည်အပတ် ရောက်ရှိနေသည့် ဆီးရီးယားနိုင်ငံသမ္မတနှင့် ယူအေအီးသမ္မတတို့ အင်္ဂါနေ့က တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆီးရီးယားသမ္မတသည် ယူအေအီးသို့ နှစ်နှစ်အတွင်း ဒုတိယအကြိမ်ရောက်ရှိခြင်းဖြစ်ပြီး ပထမအကြိမ်မှာ ၂၀၀၆ ခုနှစ်က ဖြစ်သည်။ ယင်းသို့လည်ပတ်စဉ်အတွင်း စီးပွားရေးလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပူးပေါင်းလုပ်ကိုင်ရန် သဘောတူခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဩစတြေးလျတိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များ အီရတ်မှ ပြန်လည်ရုပ်သိမ်း

နာဆာရီယာ (အီရတ်) ဇွန် ၃

ဩစတြေးလျမှ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင် ၅၀၀ ခန့်ကို အီရတ်နိုင်ငံတောင်ပိုင်းရှိ ၎င်းတို့၏ အခြေစိုက်စခန်းမှ တနင်္ဂနွေနေ့တွင် ရုပ်သိမ်းပြီးဖြစ်ရာ ဩစတြေးလျဝန်ကြီးချုပ် ကီဗင်ရတ်က ဩစတြေးလျမှတပ်ဖွဲ့ဝင်များကို ယခုနှစ်တွင် ဌာနေသို့ ပြန်ခေါ်ယူမည်ဟု ရွေးကောက်ပွဲမတိုင်မီက ကတိကဝတ် ပေးခဲ့မှုအပေါ် ဖြည့်ဆည်းလိုက်ခြင်းဖြစ်သည်။

နာဆာရီယာမြို့ရှိ တာလီအခြေစိုက်စခန်းမှ တပ်ဖွဲ့ဝင်များကို စတင်ရုပ်သိမ်းနေပြီဟု ဘာဆာရာမြို့ရှိ ဗြိတိန်စစ်ဘက်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ သို့ရာတွင် ဩစတြေးလျတပ်ဖွဲ့ဝင်များ အစားထိုးထားသည့် အမေရိကန် တပ်ဖွဲ့ဝင်များနှင့်အတူ တပ်ဖွဲ့ဝင် ရုပ်သိမ်းရေး အစီအစဉ်သည် ပြီးဆုံးပြီဟု ဒီကာပြည်နယ် အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဩစတြေးလျနိုင်ငံသည် အမေရိကန်၏ ခိုင်မာသည့် အပေါင်းပါနိုင်ငံတစ်နိုင်ငံဖြစ်ပြီး အီရတ် စစ်ပွဲစတင်ကတည်းက အီရတ်သို့တပ်ဖွဲ့ဝင်များ စေလွှတ်ရန် တာဝန်ယူခဲ့သည့်နိုင်ငံဖြစ်သည်။ ယင်းအပြင် အီရတ်နိုင်ငံ ကမ်းလွန်ဒေသရှိ ရေနံတူးစင်များ တိုက်ခိုက်မှုမခံရစေရန်အတွက် လေယာဉ်နှင့် စစ်သင်္ဘောများကို ပင်လယ်ကွေ့ဒေသတွင် ဖြန့်ကြက်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဒစ္စကာဗာရီလွန်းပြန်ယာဉ် အာကာသစခန်းနှင့် ချိတ်ဆက်

ဟူစတန် ဇွန် ၅

ဒစ္စကာဗာရီအာကာသလွန်းပျံယာဉ်က ဂျပန်နိုင်ငံ၏ပထမဆုံးအာကာသပတ်လမ်းဆိုင်ရာ ဓာတ်ခွဲခန်းကို ထားရှိရန်အတွက် အာကာသသို့ နှစ်ရက်ကြာခရီးသွားခဲ့ပြီးနောက် နိုင်ငံတကာအာကာသစခန်းနှင့် ချိတ်ဆက်ခဲ့ပြီးဖြစ်သည်။ ဒစ္စကာဗာရီ ဒုံးပျံပစ်စင်၏ အောက်ခြေတွင် ထိခိုက်မှုအနည်းငယ်ရှိသည်ဟု အာကာသ လွှတ်တင်ရေး မြေပြင်စခန်းမှ မန်နေဂျာများက အကဲဖြတ်ခဲ့ကြသည်။

ဖလော်ရီဒါပြည်နယ် ကိပ်ကာနာဗာရယ် ဒုံးပျံလွှတ်စင်၏ အောက်ခြေမြောင်းမှ အုတ်နှင့် ကွန်ကရစ်များ ကွာကျနေသည်ဟု အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့ (နာဆာ) မှ တာဝန်ရှိပုဂ္ဂိုလ်များက တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ သို့ရာတွင် ဒစ္စကာဗာရီ အာကာသယာဉ်ကို စနေနေ့က အာကာသသို့ လွှတ်တင်ခဲ့သည်။

ကွန်ကရစ်အားဖြည့်ထားသည့် မြောင်းမှာ အာကာသယာဉ်လွှတ်တင်ရာတွင် ကြီးမားသည့် အပူရှိန်ထွက်မှုကြောင့် ကွန်ကရစ်များ ကွာကျခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံမှ အာကာသပတ်လမ်းဆိုင်ရာ ဓာတ်ခွဲခန်း ဖြန့်ကြက်ရေးကိစ္စကိုမူ အောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့သည်။ **အင်တာနက်။**

အပူပိုင်းမုန်တိုင်း အယ်လ်မာ တိုက်ခတ် သွားသည့်အတွက် ကော့စတာရီကာနိုင်ငံ ပါရီတာမြို့တွင် လမ်းများရေလွှမ်းနေသည်ကို ဇွန်၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စင်ကာပူ၌ တရားသူကြီးအား ရိုင်းပျစော်ကားသူ အမေရိကန်ဥပဒေအကျိုးဆောင်ကို တရားစွဲဆို

စင်ကာပူ ဇွန် ၅

စင်ကာပူနိုင်ငံတရားရုံး၌ ဇွန် ၂ ရက်က တရားသူကြီးတစ်ဦးအား အီးမေးလ်နှင့် ၎င်း၏ ဝက်ဘ်ဆိုက်တွင် ရိုင်းပျစော်ကားခြင်းအတွက် အမေရိကန်ဥပဒေ အကျိုးဆောင်တစ်ဦးကို တရားစွဲဆိုခဲ့ကြောင်း တရားရုံးမှတ်တမ်းများက ပြဆိုသည်။

ဂိုပါလန်နီရာသည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ဥပဒေအကျိုးဆောင် လုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး လောလောဆယ် စင်ကာပူနိုင်ငံသား တစ်ဦးဖြစ်သည်။ ၎င်းကို လွန်ခဲ့သည့် သောကြာနေ့က ဖမ်းဆီးခဲ့ပြီး အီးမေးလ်တွင် ပြည်သူ့ဝန်ထမ်းတစ်ဦးအား ခြိမ်းခြောက်ခြင်း၊ ရိုင်းပျစော်ကားခြင်းအတွက် တနင်္လာနေ့က တရားစွဲဆိုခဲ့သည်။ ယင်းတရားစွဲဆိုချက်အရ ပြစ်မှုထင်ရှားပါက နီရာသည်အများဆုံးဒဏ်ငွေ စင်ကာပူဒေါ်လာ၅၀၀၀သို့မဟုတ် ထောင်ဒဏ်တစ်နှစ်ကျခံရမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ယီမင်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား ရှစ်ဦးသေဆုံး

ဆာနား ဇွန် ၅

ယီမင်နိုင်ငံ မြို့တော်ဆာနားမြောက်ဘက်ရှိ ကျေးရွာအပြင်ဘက်တွင် မေ ၃၀ ရက်က အမည်မသိ သေနတ်သမားတစ်ဦး သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် အနည်းဆုံး လူရှစ်ဦး သေဆုံးကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ယင်းပစ်ခတ်မှုသည် ဆာနားမြို့မြောက်ဘက် ကီလိုမီတာ ၆၀ ခန့်ရှိ အမ်ရန်ပြည်နယ် ကာပေးကျေးရွာတွင် ဖြစ်ပွားခဲ့သည်။ လူ ၁၂ ဦးကျော် ဒဏ်ရာရရှိပြီး အများစုမှာ ဒဏ်ရာ ပြင်းထန်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ၎င်းသေနတ်သမားကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၌ မိုးပိုလာနိုင်

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



ရန်ကုန် ဇွန် ၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်တွင် ၁ ဒသမ ၄၁ လက်မ၊ ပင်လောင်းမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ရန်ကုန်မြို့လယ်တွင် ၂ ဒသမ ၆၈ လက်မ၊ အမ်းမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ရမည်းသင်းမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ဇန်းမော်မြို့၊ စစ်တွေမြို့နှင့် ပဲခူးမြို့တို့တွင် ၁ ဒသမ ၉၃ လက်မစီ၊ နေပြည်တော်ပျဉ်းမနားတွင် ၁ ဒသမ ၄၆ လက်မနှင့် မြင်းခြံမြို့တွင် ၀ ဒသမ ၆၇ လက်မ တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

ဇွန် ၆ရက်နေ့ ညနေထိ ခန့်မှန်းချက်

ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၂၈ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၈၂ ဒီဂရီဖာရင်ဟိုက်) ၄-၆-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၉ ဒီဂရီစင်တီဂရိတ်(၇၁ ဒီဂရီဖာရင်ဟိုက်) ၅-၆-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၈ ရာခိုင်နှုန်း ၅-၆-၂၀၀၈

နေပူသည့်နာရီပေါင်း မရှိပါ ၄-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၅-၆-၂၀၀၈	၁၇မမ (၀ဒသမ၆၇လက်မ)	၁၉မမ (၀ဒသမ၇၅လက်မ)	၆၈မမ (၂ဒသမ၆၈လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၇၉၃မမ (၃၁ဒသမ၂၂လက်မ)	၉၆၀မမ (၃၇ဒသမ၈၀လက်မ)	၁၂၆၈မမ (၄၉ဒသမ၈၄လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၄-၆-၂၀၀၈ နေ့ ၀၄း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ (၅)မိုင်နှုန်း တိုက်ခတ်သည်။

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးရှိ စေတနာရှင်၊ အလှူရှင်များက ထောက်ပံ့ငွေနှင့် ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် ဇွန် ၅

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့ လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၅၄၃၅၀၀၀ တန်ဖိုးရှိ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၃၇၈၇၀၇၅ တန်ဖိုးရှိ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက ငွေ ၅၅၄၁၉၄၂၆ ကျပ်တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများနှင့် ဓါက်ဆွဲခြောက် ၁၄၂ ပါကင်၊ စစ်ကိုင်းတိုင်းမှဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၂၇၈၇၂၇၅၀ နှင့် ငွေ ၃၆၄၇၂၂၅၀ ကျပ်တန်ဖိုးရှိ ဆန်အိတ် ၁၅၀၊ အဝတ်အထည်မျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ မန္တလေးတိုင်းမှ စေတနာရှင် ပြည်သူများက ငွေကျပ် ၄၃၀၉၅၀၀ တန်ဖိုးရှိ ဆန်အိတ် ၈၀ နှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ မကွေးတိုင်းရှိ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၁၃၇၈၆၀၅၀ နှင့် ငွေ ၁၅၀၅၅၇၅ ကျပ်တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၈၆၀၀၀၀ အပါအဝင် စေတနာရှင် ပြည်သူများ၏ ယနေ့လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေ ၁၃၉၄၄၇၆၂၆ ကျပ်ဖြစ်ပြီး ဇွန် ၅ ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၁၄၀၀၄၂၉၃၀ ရှိပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်နယ်/တိုင်း နှင့် အိုလံပစ်နေ့ သေနတ်ပစ်အားကစားပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၅

၂၀၀၈ ခုနှစ် (၉)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း သေနတ်ပစ်အားကစားပြိုင်ပွဲကို ဇွန် ၁၆ ရက် မှ ၁၉ ရက်အထိနှင့် အိုလံပစ်နေ့အထိမ်းအမှတ် အလွတ်တန်း သေနတ်ပစ်ပြိုင်ပွဲကို ဇွန် ၂၁ ရက်မှ ၂၃ ရက်အထိ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ် သေနတ်ပစ်ကွင်း၌ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄နာရီအထိ ကျင်းပမည် ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသော ပြည်နယ်နှင့်တိုင်းများမှ အားကစားသမားများကို ဇွန် ၁၃ ရက်တွင် စတင်လေ့ကျင့်ခွင့်ပြုမည်ဖြစ်သဖြင့် အသင်းအုပ်ချုပ်သူခေါင်းဆောင်များ အချိန်မီ လာရောက်သတင်းပို့ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါးရစ် ငါးသန် ဘောမဲ့ချွန်

ပုံမှန်စားသုံး မျိုးမသည်း

သောက်ရေသန့် သောက်သုံးသူများအတွက် ဝမ်းမြောက်ဖွယ် သတင်းကောင်း

ရန်ကုန်တိုင်းတွင် မေ ၂ ရက်နှင့် ၃ ရက်က တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းကြောင့် သောက်ရေသန့်စက်ရုံများ အရည်အသွေးပြည့်မီ၍ ဘေးအန္တရာယ်ကင်းရှင်းသော သောက်ရေသန့်များ ထုတ်လုပ်နိုင်မှု ရှိ၊ မရှိကို သက်ဆိုင်ရာမှ စစ်ဆေးပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အောက်ပါ သောက်ရေသန့်လုပ်ငန်းများသည် သတ်မှတ်ချက်နှင့် ကိုက်ညီပါသဖြင့် ပြန်လည်ထုတ်လုပ်ရန် ခွင့်ပြုချက် ရရှိပြီးဖြစ်ပါကြောင်း အများပြည်သူများအား ဝမ်းမြောက်ဖွယ် သတင်းကောင်းပါးအပ်ပါသည်-

၁။ **NAWARAT** သောက်ရေသန့်
၂။ **STAR** သောက်ရေသန့်
၃။ **PGS** သောက်ရေသန့်

သောက်ရေသန့် သောက်သုံးသူများအတွက် ဝမ်းမြောက်ဖွယ် သတင်းကောင်း

ရန်ကုန်တိုင်းတွင် မေ ၂ ရက်နှင့် ၃ ရက်က တိုက်ခတ်ခဲ့သော ဆိုင်ကလုန်း မုန်တိုင်းကြောင့် သောက်ရေသန့်စက်ရုံများ အရည်အသွေးပြည့်မီ၍ ဘေးအန္တရာယ်ကင်းရှင်းသော သောက်ရေသန့်များ ထုတ်လုပ်နိုင်မှု ရှိ၊ မရှိကို သက်ဆိုင်ရာက စစ်ဆေးပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အောက်ပါသောက်ရေသန့်လုပ်ငန်းတို့သည် သတ်မှတ်ချက်နှင့် ကိုက်ညီပါသဖြင့် ပြန်လည်ထုတ်လုပ်ရန် ခွင့်ပြုချက်ရရှိပြီး ဖြစ်ပါကြောင်း အများပြည်သူများအား ဝမ်းမြောက်ဖွယ် သတင်းကောင်းပါးအပ်ပါသည်-

WINNER သောက်ရေသန့်

နေမင်းသောက်ရေသန့်သောက်သုံးသူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

ရန်ကုန်တိုင်းတွင် မေလ ၂ ရက်နှင့် မေလ ၃ ရက်နေ့က တိုက်ခဲ့သော ဆိုင်ကလုန်း မုန်တိုင်းကြောင့် သောက်ရေသန့်စက်ရုံများ အရည်အသွေးပြည့်မီ၍ ဘေးအန္တရာယ် ကင်းရှင်းသော သောက်ရေသန့်များ ထုတ်လုပ်နိုင်မှု ရှိ၊ မရှိကို သက်ဆိုင်ရာမှ စစ်ဆေးပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ **နေမင်း**သောက်ရေသန့်လုပ်ငန်းများသည် သတ်မှတ်ချက်နှင့်ကိုက်ညီ ပါသဖြင့် ပြန်လည်ထုတ်လုပ်ရန်ခွင့်ပြုချက် ရရှိပြီးဖြစ်ပါကြောင်း **နေမင်း**သောက်ရေသန့်ကို သောက်သုံးသူများအား ဝမ်းမြောက်ဖွယ် သတင်းကောင်းပါးအပ်ပါသည်။

နေမင်းသောက်ရေသန့်

အမွေပြတ်စွန့်လွှတ်ခြင်း

မောင်သန်းငွေးမြတ် [၁၀/သထန(နိုင်)၀၀၄၃၇၀]သည် မိဘများခွင့်မလွှတ်နိုင်သည့် ကိစ္စများကို ပြုမူဆောင်ရွက်နေပါသဖြင့်ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ တာဝန်ယူမည်မဟုတ်ကြောင်းကြေညာအပ်ပါသည်။

ဦးမြတ်ကျော် CJ ၀၁၃၇၆၇ - ဒေါ်တင်အေး CJ ၀၁၃၇၆၈

မူးယစ်
ကင်းစင်
အလှဆင်

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ အလုံလမ်းနှင့် ဗဟိုလမ်း၊ အမှတ် (၅၅)တွင် တည်ထောင်ဖွင့်လှစ်ထားသည့် Nandawun Compound ရှိ Myanmar Book Centre ရှိ မည်သည့်ဝန်ထမ်းကို မှ ရန်ကုန်မြို့နှင့် မြန်မာပြည်အနှံ့မြို့များတွင် Myanmar Book Centre ၏ အထူးဈေးရောင်းပွဲတော်ကြော်ငြာများအား စတိုးဆိုင်များ၊ အိမ်များ၊ ကုမ္ပဏီများအစရှိသော မည်သည့်နေရာကိုမျှ ကြော်ငြာစာရွက်များ လိုက်လံဖြန့်ဝေပေးခြင်းမရှိပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

Myanmar Book Centre မှကြော်ငြာများကို အောက်ပါအတိုင်း ပုံမှန်ကြော်ငြာပါသည်။

- စာတိုက်မှ ကြော်ငြာပေးပို့ခြင်း
- **E-mail** မှတစ်ဆင့် ကြော်ငြာခြင်း
- သတင်းစာမှကြော်ငြာခြင်း
- မဂ္ဂဇင်းနှင့် ဂျာနယ်များမှကြော်ငြာခြင်းတို့ ဖြစ်ပါသည်။

Myanmar Book Centre ၏ ဝန်ထမ်းပုံစံဖြင့် ကြော်ငြာစာရွက်များ လိုက်လံ ဖြန့်ဝေနေခြင်းကို တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်အေးအေးရီ (LL.B) တရားရုံးချုပ်ရှေ့နေ
အခန်းအမှတ် (၂၀၀/E)၊ တိုက်အမှတ် (၉/၁၁)၊ ၃၆-လမ်း၊ အောက်ဆုံးဘလောက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၇၀၁၅၂၁

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

*** ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။**

*** လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။**

အတ္တသမား၊ မသမာသူများက အကွက်ဆင်လုပ်ကြံသတင်းများကို ဗီဒီယိုရိုက်ကူး၍ ပြည်ပ သတင်းဌာနများသို့ ပေးပို့ ကိုယ်ကျိုးရှာနေ၊ လေဘေးသင့် ပြည်သူများအား ခုတုံးလုပ် အသုံးချနေသည့် မသမာသူများ၏ ယုတ်မာမှုအပေါ် ပြည်သူအများက စက်ဆုပ်ရွံရှာလျက်ရှိ

နေပြည်တော် ဇွန် ၅

ပြည်တွင်းရှိ အချို့သော အတ္တသမား၊ မသမာသူများသည် ပြည်တွင်း၊ ပြည်ပရှိ ဆန့်ကျင်ဘက်အဖွဲ့များနှင့် ပူးပေါင်းကြံစည်ပြီး နာဂစ်မုန်တိုင်းဒဏ် ခံရသော ဧရာဝတီတိုင်းအတွင်းရှိ လပွတ္တာ၊ ဘိုကလေး စသည့် နယ်မြေများသို့ သွားရောက်၍ လုပ်ကြံဖန်တီးသော ဗီဒီယိုပြကွက်များ ရိုက်ကူးကာ ပြည်ပသတင်းဌာနများသို့ ပေးပို့လျက်ရှိကြသည်။ ဗီဒီယိုသတင်းများ ရိုက်ကူးရယူရာတွင် မသိနားမလည်သူ လေဘေးသင့် ပြည်သူများကို ငွေပေးစည်းရုံး၍လည်းကောင်း၊ ကြိုတင်စည်းဝါးရိုက်ထားသည့် ၎င်းတို့၏ အမာခံများကို ရှေ့ဆောင်မေးခွန်းများမေး၍လည်းကောင်း၊ အဆိုးမြင်လုပ်ကြံ အဖြေများကိုပေးစေကာ ရိုက်ကူးကြကြောင်းနှင့် တချို့သော နေထိုင်ရေး၊ သန့်ရှင်းရေး၊ စားသောက်ရေးလိုအပ်ချက်များကို တစ်ဆိတ်တစ်အိတ်လုပ်ကာ ပုံကြီးချဲ့သတင်းများ ရိုက်ကူးကြကြောင်း သိရှိရသည်။ အဆိုပါ အဆိုးမြင် ပုံကြီးချဲ့ မမှန်သော အကွက်ဆင်ဗီဒီယိုသတင်းများကို ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် ပြည်ပသတင်းဌာနများသို့ ပေးပို့လျက်ရှိကြသည်။ ထို့အပြင် ပြည်ပသတင်းဌာနများကလည်း ၎င်းသတင်းများကို ထုတ်လွှင့်ပြီး ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံသိက္ခာကျစေရန် လေဘေးသင့်ပြည်သူများ ထောက်ပံ့ကူညီမှု ကင်းမဲ့နေသယောင်၊ အထင်မှားအမြင်မှားဖြစ်စေရန် လုပ်ဆောင်လျက်ရှိကြသည်။

ထိုအခြေအနေများကို သိရှိနေကြသော ပြည်သူအများက ထိုသို့လုပ်ဆောင်နေကြသည့် ပြည်တွင်း၊ ပြည်ပရှိ ဆန့်ကျင်ဘက်အဖွဲ့များ၊ အတ္တသမား မသမာသူများ၏ ယုတ်မာမှု၊ လူမဆန်မှု၊ လေမုန်တိုင်းဒဏ်ကြောင့် အခက်အခဲကြုံနေရသည့် ပြည်သူများ၏ ဘဝကို ခုတုံးလုပ်အသုံးချကာ လုပ်စားနေသော စိတ်ဓာတ်ယုတ်ညံ့မှုများအပေါ် စက်ဆုပ်ရွံရှာဒေါသဖြစ်လျက်ရှိကြောင်း ကြားသိရသည်။ ထို့အတူ စိတ်ရင်းစေတနာ ဖြူစင်စွာဖြင့် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ လုပ်ကိုင်ပေးနေကြသော စေတနာရှင်၊ ကရုဏာရှင်များကလည်း အတ္တသမား၊ မသမာသူများ၏ လုပ်ရပ်များသည် ၎င်းတို့၏ ဖြူစင်သော စေတနာ လုပ်ရပ်များကို ထိခိုက်စော်ကားရာရောက်သည်ဟု ခံစားကြရလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)